## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
(၃၃)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်**

**( ၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၃၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၃)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၁၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၆.၈၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၃၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၃၃)ရက်မြောက်နေ့ ၂၉-၃-၂၀၁၈ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တ　ော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဒေါက်တာလင်းဝေဖြိုးလတ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၄)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၃)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။**　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။**　　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြားသူ (၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု ပြည်သူ့ငွေစာရင်း ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးစောသန်းထွန်း(ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီ)**။ ။ ပြည်သူ့ငွေစာရင်း ကော်မတီရဲ့ အစီရင်ခံစာကို သဘောတူလက်ခံပေးပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအတည်ပြုချက် ရယူပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့်အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်အခွင့်အရေးကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးမောင်မောင်လတ်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်လတ် ပဲ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန်နှင့် အတည်ပြုပေးပါရန် အဆို တင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အမျိုးသား လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ ရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသား လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဒေါက်တာသန်းဝင်း (ဥက္ကဋ္ဌ၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်က မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေ အမှတ်(၁)ရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ ၂၁-၈-၂၀၁၈ ရက်နေ့က တင်သွင်းတဲ့ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေး နှင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်မှ သဘောတူလက်ခံပေးပါရန် လေးစားစွာ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။ အမျိုးသား လွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးကျော်သီဟ(ဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်က မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျော်သီဟ ဖြစ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကာလအတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်မှ သဘောတူလက်ခံ အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးတင်အောင်ထွန်း(အဖွဲ့ဝင်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီရဲ့ လုပ်ငန်း ဆောင်ရွက်မှု

အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို မတင်သွင်းမီ အစီရင်ခံစာနှင့် စပ်လျဉ်းလို့ အကြံပြု ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များအနေနဲ့ ကော်မတီဥက္ကဋ္ဌထံကို လိပ်မူပြီးတော့ အကြံပြုဆွေးနွေးချက်များ ပေးပို့ပေးပါရန် ဦးစွာပန်ကြားအပ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယနှစ်ပတ်လည်ကာလအတွင်း အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသား လွှတ်တော်က သဘောတူလက်ခံရန်နှင့် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ကျွန်တော် မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ အဖွဲ့ဝင်ဖြစ်သူ ဦးတင်အောင်ထွန်း မှ လေးစားစွာ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အမျိုးသား လွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီရဲ့ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဒေါက်တာခင်မကြီး(အဖွဲ့ဝင်၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ)။** ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီအဖွဲ့ဝင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီးဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် ၁၇-၁၀-၂၀၁၇ ရက်နေ့မှ ၂၈-၂-၂၀၁၈ ရက်နေ့အထိ ပြုလုပ်ဆောင်ရွက်ခဲ့သော ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်မှ သဘောတူလက်ခံပေးပါရန် လေးစားစွာဖြင့် အဆို တင်သွင်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု ပညာရေးမြှင့်တင်မှု ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးဇယ်ခေါင် (အဖွဲ့ဝင်၊ ပညာရေးမြှင့်တင်မှု ကော်မတီ)။** ။ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီရဲ့ ၂၆-၇-၂၀၁၇ ရက်နေ့မှ ၂၈-၂-၂၀၁၈ ရက်နေ့ အထိ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်မှ သဘောတူ အတည်ပြု လက်ခံပေးပါရန် ကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဇယ်ခေါင် မှ အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အမျိုးသား လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်း တို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု ပြည်သူတို့ရဲ့ တိုင်ကြားစာဆိုင်ရာ ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးဆန်းမြင့်(ဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူတို့ရဲ့ တိုင်ကြားစာဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးဆန်းမြင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ပြည်သူတို့ရဲ့ တိုင်ကြားစာဆိုင်ရာ ကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို တင်သွင်းတဲ့ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ (၁/၂၀၁၈)အား အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် လေးစားစွာ အဆို တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဒေါက်တာကျော်ငွေ (အဖွဲ့ဝင်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ)**
။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ကိုယ်စားလှယ်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ အဖွဲ့ဝင် ဒေါက်တာကျော်ငွေ ဖြစ်ပါတယ်။ ၂၂-၃-၂၀၁၈ ရက်နေ့က ကျင်းပခဲ့သော ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၃၁)ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီရဲ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား အမျိုးသားလွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးအောင်ကြည်ညွန့်(ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက ဥက္ကဋ္ဌတာဝန် ယူနေရသူ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) တောင်တွင်းကြီးရဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ရဲ့ သတ္တမပုံမှန် ကျွန်တော်တို့ ကော်မတီက တင်သွင်းခဲ့တဲ့ အစီရင်ခံစာနဲ့ပတ်သက်ပြီးတော့ အကြံပြု ဆွေးနွေးလိုသော ကိုယ်စားလှယ်တော်ကြီးများရှိရင် စာနှင့်ရေးသားပြီးပေးပို့နိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရင်းနဲ့ ကျွန်တော်တို့ တင်ပြခဲ့တဲ့ အစီရင်ခံစာကို လွှတ်တော်ကြီးကနေပြီးတော့ သဘောတူလက်ခံပေးပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။　　။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ် (၁၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်း တို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု တိုင်းရင်းသားရေးရာ ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဒေါက်တာခင်မောင်ဝင်း (အဖွဲ့ဝင်၊ တိုင်းရင်းသားရေးရာကော်မတီ)**။　　။ လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တိုင်းရင်းသားရေးရာ ကော်မတီအဖွဲ့ဝင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) ကော့သောင်းမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားရေးရာကော်မတီက ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့က တင်သွင်းခဲ့သော ၁-၃-၂၀၁၇ ရက်နေ့မှ ၂၈-၂-၂၀၁၈ ရက်နေ့အထိ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အစီရင်ခံစာအား လွှတ်တော်ကြီးမှ သဘောတူလက်ခံ အတည်ပြုပေးပါရန် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် အဆို တင်သွင်းအပ်ပါသည်ခင်ဗျား။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။　　။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဒေါက်တာမြသောင်း (ဥက္ကဋ္ဌ၊ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ)** ။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)က ဒေါက်တာမြသောင်း ဖြစ်ပြီး အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီက တင်သွင်းတဲ့ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်မှ သဘောတူ လက်ခံအတည်ပြုပေးပါရန် အဆို တင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူ ပါမယ်။ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာ ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၇)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၃၂။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီက ၂၂-၃-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်မှာ တင်သွင်းခဲ့တဲ့ အစီရင်ခံစာနဲ့ပတ်သက်လို့ မိုးထိမိုးမိအစီရင်ခံစာလို့ အမည်တပ်ရလောက်အောင် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီရဲ့ ရွှေထုတ်လုပ်ငန်းအကြောင်းနှင့် ၎င်းတို့ရဲ့ လိုအပ်ချက်များ၊ အားနည်းချက်များကို အသေးစိတ် လေ့လာသုံးသပ်ခဲ့တာ တွေ့ရလို့ အားရဖွယ်ကောင်းပေမယ့် လွှတ်တော်မှာ တင်သွင်းအောင်မြင်ခဲ့တဲ့ အဆိုများ ဖြစ်တဲ့ MICA၊ ငါးတက္ကသိုလ်၊ ဆေးလိပ်၊ ဆေးရွက်ကြီး လောင်းကစားကိစ္စနှင့် ငါးတင်/ငါးချဆိပ်ကမ်းမှာ Catch Certificate စနစ်တကျ ထုတ်ပေးခြင်း ကိစ္စတွေနဲ့ ပတ်သက်လို့ အစိုးရဌာနများရဲ့ လက်ရှိဆောင်ရွက်မှု၊ လိုအပ်ချက်နှင့် အားသာအားနည်းချက်တွေကို ထောက်ပြသုံးသပ်တာ မတွေ့ရသလောက်ပဲလို့ ပြောချင်ပါတယ်။ Power Point အသုံးပြုခွင့် တောင်းခံအပ်ပါတယ်။

ဒီနေရာမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ကတိဖြစ်ခဲ့တဲ့ အဆိုတစ်ခုကိုပဲ အစီရင်ခံစာမှာ ဖော်ပြထားတာနဲ့ပတ်သက်လို့ (၁၉-၁၀-၂၀၁၇) (၂၀-၁၀-၂၀၁၇) နှင့် (၂၅-၁၀-၂၀၁၇) အမျိုးသားလွှတ်တော်မှာ ဆွေးနွေးခဲ့တဲ့ တရားဝင် ငါးတင်/ငါးချဆိပ်ကမ်းမှာသာ သေချာစိစစ်ကြပ်မတ် စစ်ဆေးမှတ်တမ်းတင်ပြီးမှ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB CIF တို့နှင့် ပို့ဆောင်ဖို့ ကတိဖြစ်ခဲ့တဲ့ အဆိုနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ လျော့ရိလျော့ရဲ ဖြစ်နေတာကို အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီအနေနဲ့ အလေးပြု စောင့်ကြည့်ထိန်းညှိတွန်းအားပေးစေလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက အာပေါက်လုမတတ် ခဏခဏ ထောက်ပြနေခဲ့တဲ့ One Stop Service စစ်ဆေးရေးစခန်းဆိုတာ နိုင်ငံတော်ရဲ့ ရသင့်ရထိုက်တဲ့ ငါးသယံဇာတ

နှင့်ပတ်သက်တဲ့ အခွန်အခတွေ ပြည့်ပြည့်ဝဝရနိုင်ဖို့ ငါးတင်/ငါးချဆိပ်ကမ်း ငါးလေးလံဈေးကို ယခင်အဆိုပြု တင်ပြခဲ့သူက ငါးလုပ်ငန်းဦးစီးဌာနဖြစ်ပြီး MIC အနေနဲ့ လွန်ခဲ့တဲ့ (၁၇)နှစ်ကတည်းက ခွင့်ပြုခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံခြားကုမ္ပဏီ၊ နိုင်ငံတော်နှင့် မြန်မာတိုင်းရင်းသား လုပ်ငန်းရှင် ပါတဲ့ကုမ္ပဏီတို့က တစ်ထောက်နား စစ်ဆေးရေးစခန်းအတွက် မြေနေရာရော အဆောက်အဦနှင့် ရုံးသုံးပစ္စည်းတွေကိုပါ လှူဒါန်းအားပေးခဲ့ကြပါတယ်။ ဒီကနေ့အထိလည်း နိုင်ငံတော်ပြန်တမ်းအရ One Stop Service ဆိုပြီး မြိတ်မှာ ရှိနေခဲ့တာပါ။ အဖွဲ့ပေါင်းစုံပါရှိတဲ့ FOB ကြီးကြပ်စစ်ဆေးရေးအဖွဲ့လက်ရှိ ရှိနေပါလျက်နဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ကိုယ်စားလှယ်တော်ကြီးဦးခင်မျိုးဝင်း ရဲ့ ကတိဖြစ်ထားတဲ့ လုပ်သင့်တဲ့ အဆိုကိုတော့ မဆောင်ရွက်သေးပါဘဲနှင့် တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ကျွန်းစုမဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာထူးနေအောင် မေးမြန်းစဥ်ကလည်း ကိုယ်ပိုင်လုပ်ငန်းသုံး ဆိပ်ခံတံတားပါလို့ တိုင်းဒေသကြီးရဲ့ဆိုင်ရာဝန်ကြီးကိုယ်တိုင် ဖြေဆိုထားပြီး MIC ရဲ့ ဥပဒေလုပ်ထုံးလုပ်နည်းများအရ ဘောင်ကျော်မလုပ်သင့်တဲ့ ပြည်ထောင်စုအဆင့်ကနေ စိစစ်ခွင့်ပြုရမယ့် လုပ်ငန်းတစ်ခုကို တိုင်းဒေသကြီး ဦးစီးမှူးအဆင့်က ခွင့်ပြုချက်ပေးခဲ့တဲ့ ၂၀-၃-၂၀၁၈ ရက်နေ့မှာ ဖွင့်လှစ်ပါတယ်ဆိုတဲ့ မြိတ်အရှေ့ဘက်ကမ်း ပထော်-ပထက်ငါးလေလံဈေး ငါးတင်/ငါးချဆိပ်ကမ်းရဲ့ MIC ဥပဒေကို ပြောင်ပြောင်တင်းတင်း မျက်ကွယ်ပြုချိုးဖောက်နေခြင်းကိုတော့ ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာနတို့က မမြင်ဟန်ဆောင်နေသလားလို့ မှတ်ချက်ပြုချင်ပါတယ်။


လုပ်ငန်းလုပ်ကိုင်ခွင့် လူတိုင်းမှာ အခွင့်အရေးရှိပေမယ့် ဥပဒေကိုတော့ မဖြစ်မနေလိုက်နာရမယ့် တာဝန်အပြည့် ရှိပါတယ်။ ဒီလိုသာဆိုရင် တရားဥပဒေ စိုးမိုးရေးဆိုတာ တီးလုံးအဟောင်းနဲ့ စာသားအသစ်ကို ပေါင်းစပ်ထားတဲ့ ထူးမခြားနား ကော်ပီတေးသွား သီချင်းတစ်ပုဒ်ထက်ပိုနိုင်မယ် မထင်ပါဘူး။ တကယ်ဆိုရင် ဥပဒေနှင့်အညီဖြစ်ဖို့ ဌာနဆိုင်ရာက ထိန်းကျောင်းပြုပြင်ရမယ့်အစား အလိုတူ အလိုပါ သဘောဆောင်တဲ့ မှတ်ချက်တစ်ခုကို တင်ပြရရင် ၈-၃-၂၀၁၈ ရက်နေ့ပြည်ထောင်စုလွှတ်တော်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် အခွန်အကောက်ရရှိမှုအစီရင်ခံစာအပေါ် ကိုယ်စားလှယ်များ ဆွေးနွေးလို့အပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီးက ပြန်လည်ရှင်းပြရာမှာ စစ်ဆေးရေးအဖွဲ့က စစ်ဆေးတဲ့အခါငါးသယ်ရေယာဥ်နှင့်ပတ်သက်တဲ့ ကြိုတင်တင်ပြစေပြီးတော့ စစ်ဆေးမှတ်တမ်းရယူထားပါတယ်လို့ပြောကြားချက်က လက်ရှိမြေပြင် လုပ်ဆောင်ချက်နဲ့ မူဘောင်ဥပဒေတို့ လွဲချော်နေမှုကို ပြသနေပါတယ်။

လုပ်ငန်းရှင်နှင့် ကြိုတင်ညှိနှိုင်းပြီးတော့မှ Catch Certificate ထုတ်ပေးတယ်ဆိုတာ ဘယ်နိုင်ငံမှာမှ မကျင့်သုံးတဲ့ စနစ်သာ ဖြစ်ပါတယ်။ ငါးလုပ်ငန်း ဥပဒေမှာလည်း Catch Certificate ဆိုတာ နိုင်ငံတော်က သတ်မှတ်ထားတဲ့ အဖွဲ့စုံရှိရာ ငါးတင်/ငါးချဆိပ်ကမ်းမှာ မျက်မြင်တင်ချ စစ်ဆေးပြီးမှသာ ထုတ်ပေးရမယ်လို့ အတိအကျ ပါထားပါလျက်နှင့် ဥပဒေမလိုက်နာမှုကို အရေးမယူတဲ့အပြင်အားပေးအားမြှောက်ရာ ရောက်အောင် မသိကျိုးကျွန် ပြုပေးနေမှတော့ နိုင်ငံတော်ရဲ့ အခွန်ဘဏ္ဍာငွေတွေဟာ ပြည့်ဝစွာ ဘယ်လိုနည်းနဲ့မှ မရနိုင်တော့တာမို့ အမျိုးသားလွှတ်တော်မှာ ကတိဖြစ်ထားတဲ့အဆိုဟာ ရေပေါ်မှာ အရုပ်ရေးနေသလို ဖြစ်နေဆဲပါပဲ။

ဒါကြောင့်မို့လို့ လုပ်ငန်းရှင်တွေကပဲ တိုင်းဒေသကြီးအစိုးရကို လိမ်ညာနေတာလား၊ တိုင်းဒေသကြီးအဖွဲ့ကပဲ ပြည်ထောင်စုအဆင့်ကို ဂရုမထားတာလားဆိုတာ ဥပဒေပြုရေး၊ ပြည်သူ့ ကိုယ်စားပြုရေးနှင့် စောင့်ကြည့်ထိန်းညှိရေးတာဝန်တို့အရ အမျိုးသားလွှတ်တော်ကြီးကနေ အခုလို ထောက်ပြတာကို အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ အနေနဲ့ အလေးထား တွန်းအားပေးဖို့ အကြံပြုလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေနဲ့ ကော်မတီကို ထပ်မံအကြံပြုလိုတာက ကတိဖြစ်တဲ့ အဆိုနဲ့ မေးခွန်းတွေအပေါ် အရေးယူ ဆောင်ရွက် ရာမှာ ဟိုကိစ္စကြီးလို့ ဒီကိစ္စ သေးလို့ ဆိုတဲ့ အမယ် ခွဲခြား အလေးမထားသလို မဖြစ်စေဘဲ သားသမင် ကို ကျားဘုရင်က အားအင်အရာမှာ ကြီးကြီးသေးသေး တစ်ပြေးညီ ခွန်အားစိုက်ထုတ် ဖမ်းယူ သလိုမျိုး ကြိုးပမ်းဆောင်ရွက်စေချင်ပါတယ်။ ဒါမှသာ လျော့ရိလျော့ရဲ ဖြစ်နေတဲ့ ဌာနဆိုင်ရာ အချို့ကို ပိုမိုတာဝန်ယူလိုစိတ် ပြည့်ဝလာစေပြီး နိုင်ငံတော်ရဲ့ အခွန်ဘဏ္ဍာတွေ ဆုံးရှုံးနစ်နာစေခြင်းမှ ကာကွယ် နိုင်မှာဖြစ်လို့ အခုလို အကြံပြုထောက်ပြဆွေးနွေးရခြင်း ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)


ကျွန်းစုမဲဆန္ဒနယ်အမှတ်(၂)မှ ကိုယ်စားလှယ် ဒေါက်တာထူးနေအောင် တိုင်းဒေသကြီးလွှတ်တော်၌ မေးမြန်းသည့် စာမျက်နှာ၏ မြင်ကွင်းပုံ (မမ)



ထပ်ဆင့်မေးခွန်းအပေါ်ဖြေကြားချက်

ခြင်းများဖြစ်ပြီး တောင်များရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ကျွန်းများပတ်လည်တွင် မြေထိန်းနံရံများတည်ဆောက်ပေးခြင်း၊ လှိုင်းဒဏ်/လေဒဏ်တို့ကို ကာကွယ်ပေးနိုင်သည့် ဒီရေတောက် အပင်များကို မြေထိန်းနံရံ၏ရှေ့တွင် စနစ်တကျစိုက်ပျိုးထားရှိခြင်း၊ စွန့်ပစ်ပစ္စည်းများအားစနစ်တကျစီမံခန့်ခွဲခြင်း စသည်တို့ကို ဆောင်ရွက်စေခြင်းအားဖြင့် ပထော်တောင်နှင့် ပထက်တောင်ကြီး နှစ်လုံး ရေရှည်တည်တံ့ခိုင်မြဲစေရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပထက်ကမ်းရှိ တန်(၁၀၀၀)ခန့် အအေးခန်းအရှေ့တွင် တည်ဆောက်လျက်ရှိသော ကွန်ကရစ်တံတားမှာ ပြည့်ဖြိုးထွန်းအင်တာ နေရှင်နယ်ကုမ္ပဏီလီမိတက်၏ လုပ်ငန်းသုံး တံတားဖြစ်ပါသည်။ တန်(၁၀၀၀)အအေးခန်း တံတားသို့ စက်ရုံများသုံးပစ္စည်းများ အတင်/ အချ ပြုလုပ်ခြင်း၊ ငါး၊ ပုစွန်၊ ကင်းမွန်၊ ဂဏန်း စသည့် ရေထွက်ပစ္စည်းများ အတင်အချပြုလုပ်ခြင်း၊ လွန်းကျင်းသုံးပစ္စည်း များ အတင်/ အချခြင်းနှင့် စက်ရုံ၊ အလုပ်ရုံများသို့ မြိတ်ဘက်ကမ်းမှ နေ့စဉ်အလုပ်ဆင်းသော လုပ်သားများ၊ မြိတ်မြို့နှင့် ကူးသန်းအသွား



ကန့်သတ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသတ်မှတ်ခြင်း

| | | |
|---|---|---|
| ၁၁ | ဧည့်လမ်းညွှန်လုပ်ငန်း | CPC 8555 |
| ၁၂ | မီနီမားကတ်၊ Convenience Store (ကြမ်းခင်း ဧရိယာ (၁၀၀x၁၀၀) ၁၀၀၀၀ စတုရန်းပေ သို့မဟုတ် ၉၂၉ စတုရန်းမီတာ အောက်ရှိရမည်။ ) | CPC 62 |

(ဂ) ပြည်တွင်းရှိနိုင်ငံသား လူပုဂ္ဂိုလ်တစ်ဦးဦး (သို့မဟုတ်) နိုင်ငံသားပိုင် လုပ်ငန်းတစ်ခုခုနှင့် ပူးပေါင်း၍ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့်သာ ဆောင်ရွက်ခွင့် ပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ

| စဉ် | စီးပွားရေးလုပ်ငန်း အမျိုးအစားများ | ကန့်သတ်ချက် | Industrial Codes |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| ၁ | ငါးချဆိပ်ကမ်း၊ ငါးလေလံဈေး တည်ဆောက်ရေး လုပ်ငန်း | ငါးလုပ်ငန်းဦးစီးဌာန၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်၊ စည်းမျဉ်း စည်းကမ်း နှင့် အညီ ဆောင်ရွက်ရမည်။ | ISIC 5210 |
| ၂ | ရေလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်း | ငါးလုပ်ငန်း ဦးစီး ဌာန၏ ဥပဒေ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်၊ စည်းမျဉ်း စည်းကမ်းနှင့်အညီ ဆောင်ရွက်ရမည်။ | CPC 8114 |

လုပ်ငန်းလုပ်ကိုင်နေကြသည့် မြင်ကွင်းပုံ (မမ -၁)




ဆွေးနွေးပြသခဲ့သည့် Power Point Slide တစ်ခု၏ မြင်ကွင်းပုံ (မမ-၂)



**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၇။**

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ဖြစ်ပါတယ်။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာတွင် ပါဝင်သော အဆို၊ မေးခွန်းများနှင့်ပတ်သက်ပြီး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြရာတွင် မိုးထိမိုးမိဒေသရှိ အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီရှေ့လုပ်ကွက်များနှင့်သာပတ်သက်ပြီး အကျယ်တဝင့် ရှင်းလင်းတင်ပြထားတာကို တွေ့ရှိရပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေး ဆည်မြောင်းဝန်ကြီးဌာန၏ ကတိဖြစ်ပေါ်ခဲ့သည့် အဆိုတစ်ခုကို စိစစ်တွေ့ရှိသည်ဟုသာ ပါရှိပြီး စိစစ်ဆောင်ရွက်ထားခြင်း မရှိသည်ကို တွေ့ရှိရပါတယ်။ ပြန်လည်ပေးပို့လာသည့် အဆို၊ မေးခွန်းများ၊ မေးခွန်းရှင်ကိုယ်စားလှယ်များထံသို့ ဆက်လက်ပေးပို့ပြီး ကတိစာရင်းမှ ပယ်ဖျက်ရန် ဆောင်ရွက်နေပါသည်လို့ ဖော်ပြထားသော်လည်း ကတိဖြစ်ပြီး အဆို၊ မေးခွန်းများနှင့်ပတ်သက်၍ လုပ်ငန်းများ ဆောင်ရွက်ထားရှိခြင်းမရှိ၍ ပြန်လည်တင်ပြလာသော အဆို၊ မေးခွန်းများကို ပြန်လည်စစ်ဆေးဆောင်ရွက်ထားခြင်း မရှိသည်ကိုလည်း တွေ့ရှိရပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တောင်းဆိုအပ်ပါတယ်။ ဆဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေးတွင် ကတိဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ငါးနှင့် ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများရရှိစေရန် စစ်ဆေးရေးဂိတ်များရှိ မှတ်ပုံတင်ထားသော ငါးတင်/ငါးချဆိပ်ကမ်းပေါ်တင်ပြီး သေချာစိစစ်စစ်ဆေးမှတ်တမ်းတင်ပြီးမှသာ ငါးနှင့် ရေသယံဇာတများကို စက်ရုံသို့ဖြစ်စေ၊ ပြည်ပသို့ပို့ရန် FOB CIF ကဲ့သို့သော ငါးသယ်သင်္ဘောများဖြင့် သယ်ယူပို့ဆောင်ခွင့်ပြုပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုအား အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကိုယ်စား တင်သွင်းထားတဲ့ အဆိုဖြစ်ပြီး မှတ်တမ်းတင်ဖို့တားတဲ့ကြားက ထောက်ခံမဲအများဆုံးနှင့် အနိုင်ရရှိပြီး ကတိဖြစ်ပေါ်ခဲ့တဲ့ အဆို ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆို အတည်ပြုတဲ့နေ့မှာ ဝန်ကြီးက ရှင်းလင်းသွားတဲ့ ပြည်ပပို့ ရေထွက်ပစ္စည်းတွေကို နိုင်ငံတကာ စည်းမျဉ်းနှင့်ဆိပ်ကမ်းချစစ်ဆေးခြင်းကို ဆောင်ရွက်ခြင်း မပြုနိုင်ဘဲ (၁၀)ရာခိုင်နှုန်း နမူနာကိုသာ စစ်ဆေးစောင့်ကြည့်လျက် ရှိပါတယ်လို့ ပြောသွားပါတယ်။ ငါးသယ်ရေယာဉ်များအတွက် အမှန်တကယ် Catch Certificate ထုတ်ပေးမယ်ဆိုရင် နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆိပ်ကမ်းတွင် ကုန်ချိန် မျက်မြင်စစ်ဆေးပြီးမှသာ ထုတ်ပေးရပါမယ်။ နိုင်ငံတကာ စည်းမျဉ်းများ မလိုက်နာ၍ ထိုင်းနိုင်ငံတွင် အဝါကတ် သတိပေးခံနေရပြီး ယခုအခါ

ဗီယက်နမ်နိုင်ငံတွင်လည်း အဝါကတ် ပြသခံနေရပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံသည်လည်း စည်းမျဉ်း စည်းကမ်းမလိုက်နာဘဲ ဆက်လက်ပြီး Catch Certificate ထုတ်ပေးနေမယ်ဆိုရင် မကြာမီ အဝါကတ် သတိပေးခံနေရမည် ဖြစ်ပါတယ်။

တိုင်းဒေသကြီး လိုအပ်ချက်ရှိနေတဲ့ ငါးတင်/ငါးချ ဆိပ်ကမ်းကြီး တည်ဆောက်နိုင်ဖို့အတွက် စဉ်းစားလျက်ရှိပါတယ်။ အခြေခံ အဆောက်အဦ လိုအပ်ချက်၊ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လိုအပ်ချက်တွေ ရှိနေသေးတဲ့အတွက် စနစ်တကျ သုံးသပ်အချိန်ယူ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ် ဖြစ်ကြောင်း နိုင်ငံတကာအဆင့်မီ ငါးဈေးကွက်ရရှိဖို့ လိုအပ်မှာဖြစ်ကြောင်း ဝန်ကြီးက ရှင်းလင်း ပြောဆို သွားပါတယ်။ အမှန်ကတော့ MIC က ခွင့်ပြုချက်ရရှိပြီး မြန်မာအပြည်ပြည်ဆိုင်ရာ နိုင်ငံတကာ အဆင့်မီ ငါးလေးလံဈေးဟာ လွန်ခဲ့သော (၁၇)နှစ်ခန့်ကတည်းက မြိတ်မြို့ အင်းလေးမြိုင် စက်မှုဇုံတွင်ရှိတာကို Power Point မှာ တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ဘဏ်လုပ်ငန်းကို Priority အတွင်း လုပ်ကိုင်ခွင့်ပြုပါရန်နှင့် ငါးအပိုလုပ်ငန်းများအတွက် တစ်ထောက်နားပြီး အပြီးပြန် ဝင်တဲ့စနစ် One Stop Service System အရ အဘက်ဘက်မှ ပံ့ပိုးနိုင်စေရန်အတွက် လုပ်ငန်း Priority အတွင်းတွင် လုပ်ကိုင်ခွင့်ပြုရန် ငါးလုပ်ငန်းဦးစီးဌာနနှင့် (Myanmar Fisheries International Joint Venture Ltd - MFIJV) ချုပ်ဆိုထားသော စာချုပ်တွင်လည်း ပါရှိထားပြီး ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခု တင်ပြနေသော မြိတ်မြို့ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ နိုင်ငံတကာ အဆင့်မီ ငါးလေးလံဈေးဟာ ဆက်လက်ပြီး ရင်းနှီးမြှုပ်နှံရန် US ဒေါ်လာသန်း(၂၀) ထပ်မံ ခွင့်ပြုချက်တင်နေသော်လည်း ကြန့်ကြာနေ၍ အကယ်၍သာ ခွင့်ပြုချက်ရမယ်ဆိုရင် လအနည်းငယ် အတွင်း လုပ်ငန်းလည်ပတ်နိုင်ပြီး နိုင်ငံတော်က အခွန်အခများ လျင်လျင်မြန်မြန် ရရှိမည်ဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ပြီး ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ် ပါတယ်။ မေတ္တာထီးထီးလမ်းလို နိုင်ငံတော်က ချေးငွေယူပြီး လုပ်ဆောင်ရမယ့်လုပ်ငန်း မဟုတ်ဘဲ နိုင်ငံတော်အစိုးရက စီမံခန့်ခွဲမှု မူဝါဒတစ်ခုချပေးရုံနှင့် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါတယ်။ မိုးထိမိုးမိ ဒေသရှိ ရွှေသယံဇာတများမှ ဒေါ်လာဘီလီယံချီပြီး ရရှိနေပေမယ့် တူးဖော်ထုတ်လုပ်နိုင်တဲ့ သယံဇာတ ကုန်သွားလျှင် ပြန်ရနိုင်တော့မည် မဟုတ်ပါ။

အကယ်၍သာ ငါးလုပ်ငန်းသာ စည်းကမ်းစနစ်တကျ လုပ်ကိုင်သွားမယ်ဆိုရင် တစ်နေ့ထက် တစ်နေ့ ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်တဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကိုယ်စားပြုဖြစ်တဲ့ ငါးတင်/ငါးချဆိပ်ကမ်းကို သေချာစိစစ်ပြီး စက်ရုံ သို့မဟုတ် ပြည်ပသို့ တင်ပို့ရောင်းချရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကတိဖြစ်ပေါ်ခဲ့သည့် အဆိုအား သက်ဆိုင်ရာဌာနမှ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကော်မတီအနေဖြင့် တိုက်တွန်းစေ လိုကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

Myanmar Fisheries International Joint Venture Ltd (MFIJV) ငါးတင်ငါးချဆိပ်ကမ်း (MIC ခွင့်ပြုချက်ရရှိပြီး) မြင်ကွင်းပုံ (ယယ)



Myanmar Fisheries International Joint Venture Ltd (MFIJV) ငါးတင်ငါးချဆိပ်ကမ်း မြင်ကွင်းပုံ (ယယ-၁)



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ မြန်မာအပြည်ပြည်ဆိုင်ရာ နိုင်ငံတကာအဆင့်မီ ငါးလေလံဈေးသို့ လာရောက်ကြည့်ရှုစဉ် မြင်ကွင်းပုံ (ယယ-၂)



**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၁။**

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးအောင်သိန်း ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ၂၂-၃-၂၀၁၈ အစီရင်ခံစာမှာ ပါဝင်တဲ့ ရွှေသတ္တုတူးဖော်ခြင်းအပေါ် ခြုံငုံဆွေးနွေးမှာ ဖြစ်ပါတယ်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် အကျိုးတူပုတ်ပြတ်စနစ်ဖြင့် ဆောင်ရွက်နေကြတဲ့ မြန်မာနိုင်ငံမှာ အကြီးမားဆုံး ရွှေလုပ်ကွက်ထုတ်လုပ်နေတဲ့ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီရဲ့ မိုးထိမိုးမိ ရွှေ လုပ်ကွက် (A) ရွှေမိုးယံကုမ္ပဏီ (B)လုပ်ကွက် အာရှကမ္ဘာမြေရဲ့ (D)လုပ်ကွက် ရွှေထုတ်လုပ်တဲ့အခါမှာ ကြွေးကျန်ရွှေတွေနှင့်ပတ်သက်ပြီး ဘယ်လိုအရေးယူ ဆောင်ရွက်ထားပါသလဲဆိုတဲ့ဟာကို အရင်မေးရမှာ ဖြစ်ပါတယ်။ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီရဲ့ (A)လုပ်ကွက်မှာ ၂၀၁၂ ခုနှစ်ကစပြီးတော့ ကုမ္ပဏီက (၁)လလျှင် ရွှေစင်(၇၃)ပိဿာ ပေးသွင်းရမှာဖြစ်ပြီး ရွှေမိုးယံကုမ္ပဏီရဲ့ (B)လုပ်ကွက်မှာတော့

၂၀၁၂ ခုနှစ်မှာ (၁)လလျှင် ရွှေစင်(၆၇)ပိဿာ ပေးသွင်းလို့ အာရှကမ္ဘာမြေရဲ့ (D)လုပ်ကွက်မှာတော့ ၂၀၁၂ ခုနှစ် ဖွန်လမှစပြီး (၁)လလျှင် ရွှေပိဿာချိန် (၃၀)နှုန်းပေးသွင်းရမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကုမ္ပဏီကြီး (၃)ခုကနေပြီးတော့ ဝန်ကြီးဌာနကို အခက်အခဲ တင်ပြလာတဲ့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို ဆက်လက်တင်ပြတဲ့အခါမှာ မူလစာချုပ် ပုတ်ပြတ် သက်တမ်း (၅)နှစ်အစား (၈)နှစ်အဖြစ် ပထမအကြိမ် ပြင်ဆင်စာချုပ် ချုပ်ဆိုခွင့်ပြုခဲ့ပါတယ်။ နောက် တစ်ကြိမ်စာချုပ်ကို ထပ်မံပြင်ဆင်လိုပါကြောင်း တင်ပြလာမှုအပေါ်မှာ ၂၀၁၄ ခုနှစ် စုစုပေါင်း ရွှေစင် ပမာဏပြောင်းလဲမှုမရှိ လစဉ်ပေးသွင်းရမယ့် လျာထားချက်ကိုသာ ပြောင်းလဲပြီးတော့ (၈)နှစ်အတွင်း ပေးသွင်းရန် ခွင့်ပြုချက်အရ ဒုတိယအကြိမ် စာချုပ်ပြင်ဆင် ချုပ်ဆိုခဲ့ရပြန်ပါတယ်။ ဒုတိယအကြိမ် စာချုပ် ပြင်ဆင်ချုပ်ဆိုပြီးတဲ့နောက် လစဉ်ပေးသွင်းရမယ့် ရွှေစင်ကို ကုမ္ပဏီများမှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်အထိသာ သတ်မှတ်ချက်အတိုင်း ပေးသွင်းနိုင်ခဲ့ပြီး ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှာတော့ ထုတ်လုပ်မှု ခက်ခဲတယ်။ ငွေကြေးခက်ခဲလာခြင်းတို့ကြောင့် စာချုပ် ထပ်မံချုပ်ဆိုခွင့်ပြုဖို့ တင်ပြလာပြန် ပါတယ်။

နိုင်ငံတော်သမ္မတရုံးကို အစိုးရအဖွဲ့က Third Party အဖြစ် စစ်ဆေးခွင့်ပြုဖို့ တင်ပြတဲ့ အခါမှာ ခွင့်ပြုတဲ့အတွက် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီရဲ့ A လုပ်ကွက်ကို စစ်ဆေးတဲ့အခါမှာ သတ်မှတ်တဲ့ ရွှေစင်များကို စာချုပ်သက်တမ်းကာလအတွင်း ပေးသွင်းနိုင်ရန် အခြေအနေရှိပါကြောင်း စာချုပ် ပြင်ဆင်ချုပ်ဆိုရန်လိုအပ်မည် မဟုတ်ပါကြောင်း အစီအမံများအတိုင်း ကုမ္ပဏီများ ဆောင်ရွက် နိုင်ခြင်းမရှိပါက စာချုပ်ကို ဖျက်သိမ်းရန်သာရှိပါကြောင်း သုံးသပ်အကြံပြုထားတာကို ကျွန်တော်တို့ တွေ့ရပါတယ်။

ရွှေတူးဖော်မှုလုပ်ငန်းနှင့်ပတ်သက်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အကြံပြုချက်၊ သဘောထား ပြန်ကြားချက်ကိုလည်း ကျွန်တော် တွေ့ရပါတယ်။ နိုင်ငံတော်ဘက်က အကြိမ်ကြိမ်အခါခါ လိုက်လျော မှုပြုလုပ်နေခြင်းဟာ အခြေအနေနဲ့ အချိန်အခါ လိုအပ်ချက်အရ ဆောင်ရွက်ရတယ်လို့ ယူဆနိုင် သော်လည်း ကုမ္ပဏီများရဲ့တောင်းဆိုချက် အားလုံးကို လက်ခံလိုက်လျောရန် သင့်/မသင့်ကိုမူ ဌာနအနေနှင့် သတိပြုသုံးသပ် ဆောင်ရွက်သင့်ပါတယ်လို့ ဆိုထားတာကိုလည်း တွေ့ရပါတယ်။ စာချုပ် စာတမ်းနှင့်ပတ်သက်ပြီး ဒီလိုအကြံပြုချက်ကို ဝန်ကြီးဌာနအနေနဲ့ အလေးထား ဆောင်ရွက်သင့်တယ်လို့ မြင်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလောက်ဆိုလျှင် ကျွန်တော် ပြောချင်တဲ့အချက် ကုမ္ပဏီများက စာချုပ်ကို အကြိမ်ကြိမ် ပြင်ဆင်လိုမှုတွေ တွေ့နေရတဲ့အတွက် အမြည်းသဘောမျိုး လောက်ပဲ ကိုယ်စားလှယ်တော်ကြီးများအား တွေးကြည့်နိုင်ဖို့အချက်ကို ကျွန်တော် တင်ပြနေခြင်းဖြစ် ပါတယ်။ ကုမ္ပဏီများဟာ တင်ဒါပါစည်းကမ်းချက်အတိုင်း လိုက်နာရမှာ ဖြစ်ပါတယ်။ ရွှေစင်ပေးသွင်းမှု ပျက်ကွက်နေပါက ဥပဒေနှင့်အညီ အတိအကျ ဆောင်ရွက်ရန် ဖြစ်နေပါတယ်။ ဝန်ကြီးဌာနမှာ ရှိရမှာက ပုတ်ပြတ်စနစ်နှင့် ဆုံးဖြတ်ချက်မချနိုင်တာ ဘာကြောင့်ပါလဲ။ ဘာကို စိုးရိမ်နေတာလဲလို့ ကျွန်တော်တို့ မေးရမှာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ငွေကြေးတန်ဖိုးဟာ ကမ္ဘာစံပြုထားတဲ့ ရွှေချိန် တင်ထားနိုင်ချက် အပေါ် မူတည်ပြောင်းလဲနေပါတယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။

ဒါကြောင့် ရွှေတူးဖော်မှုလုပ်ငန်းနှင့် ပတ်သက်လျှင် နိုင်ငံတော်အနေနဲ့ အလေးထားကြပ်မတ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ရွှေအကြောင်းပြောရရင် ၁၉၅၀ ခုနှစ်ပတ်ဝန်းကျင်က ကမ္ဘာ့ဘဏ်မှာ ရွှေပေါင်တင်ထားခဲ့နိုင်လို့ မြန်မာ့ပိုက်ဆံဟာ မောင်ကောင်း၊ စံလင်းဆိုတဲ့ တာဝန်ခံ လက်မှတ်ထိုးထုတ်ထားတဲ့ဟာ တွေ့နိုင်ပါတယ်။ ဘယ်တိုင်းပြည်သွားသွား အဲ့ဒီနိုင်ငံရဲ့ ပိုက်ဆံကိုလည်း သုံးခွင့်ရပါတယ်။ ၁၉၆၂ ခုနှစ်ရောက်တော့ အာမခံထားတဲ့ ရွှေတုံးတွေ ဘယ်ရောက်ကုန်သလဲ မသိတော့ပါဘူး။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်ကြီး အဆုံးသတ်ပါတော့။ ကိုယ်စားလှယ်ကြီး။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၇။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးလှဆန်း မှ ကော်မတီ၏ လုပ်ဆောင်ချက်များကို ထောက်ခံဆွေးနွေးအကြံပြုသွားမှာ ဖြစ်ပါတယ်။

သို့သော် ကော်မတီ၏ လုပ်ဆောင်ချက်များသည် ဘယ်လောက်အထိ ထိရောက်ပါသလဲဆိုတာတော့ ပြန်လည်သုံးသပ်ဖို့ လိုအပ်ပါလိမ့်မယ်။ ပဉ္စမပုံမှန်အစည်းအဝေး (၅)ကြိမ်အတွင်းမှာ ကော်မတီ၏ အစီရင်ခံစာများမှာ အဆိုပေါင်း(၆)ခုလို့ ကျွန်တော်တို့ ဆိုထားပါတယ်။ (၁)ခုပဲ ပြီးမြောက်ပါသေးတယ်။ (၅)ခု ကျန်ပါသေးတယ်။ ကြယ်ပွင့်ပြမေးခွန်းပေါင်းက (၃၆၂)ခု (၁၇)ခုပဲ ပြီးပြတ်ပါသေးတယ်။ (၃၄၅)ခု ကျန်ပါသေးတယ်။ ကြယ်ပွင့်မပြမေးခွန်းပေါင်းက (၂၇၅)ခု (၁၈)ခုပြီးမြောက်ပါပြီ။ (၂၅၇)ခု ကျန်ပါသေးတယ်။ သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများရဲ့ ဆောင်ရွက်မှုကိစ္စ ပြီးစီးမှုရာခိုင်နှုန်း အဆို (၁၆.၆)ရာခိုင်နှုန်း ကြယ်ပွင့်ပြမေးခွန်းက (၄.၇)ရာခိုင်နှုန်း၊ ကြယ်ပွင့်မပြမေးခွန်းက (၆.၅)ရာခိုင်နှုန်းလောက်ပဲ အောင်မြင်တယ်လို့ဆိုနိုင်ပါတယ်။

စတုတ္ထပုံမှန်အစည်းအဝေးမှာ မြန်မာနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ MICA (Myanmar International Cooperation Agency) ဖျက်သိမ်းရေး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာအားကာမိုး(ခ)နော်ခရစ္စထွန်း ရဲ့ အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးခဲ့သလိုပါပဲ။ ပဉ္စမအကြိမ် ကော်မတီရဲ့ အစီရင်ခံစာအပေါ်မှာလည်း အကြံပြုဆွေးနွေးခဲ့ပါသေးတယ်။ အဲဒီကိစ္စဆိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကိုင်တွယ်ဖြေရှင်းမှု အားနည်းချက်များရှိကြောင်း ကော်မတီအနေဖြင့် ကွင်းဆင်းစစ်ဆေးသည့်အခါ ယခုလည်း စစ်ဆေးမှု တွေ့ရှိကြမယ်လို့ ထင်ပါတယ်။ နောက်တစ်ခါ လာပြန်ပြီဟေ့ဆိုသလိုပါပဲ။ အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

(၃၄)ရက်မြောက်နေ့ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသား လွှတ်တော် ကိုယ်စားလှယ်မှ ရွှေလုပ်ကွက်များနှင့်ပတ်သက်ပြီး နိုင်ငံတော်က သတ်မှတ်ကာလအတွင်း သတ်မှတ်ထားသော ရွှေပမာဏပေးသွင်းရန် ပျက်ကွက်နေသည့်အပေါ် မည်ကဲ့သို့ ဆောင်ရွက်မည်ကို သိရှိလိုသည့်မေးခွန်းအား ၂၈-၇-၂၀၁၇ ရက်နေ့တွင် မေးမြန်းခဲ့ပါတယ်။

ကော်မတီရဲ့ အစီရင်ခံစာအရ သမ္မတရုံးနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ၈-၁၁-၂၀၁၇ ရက်နေ့မှစ၍ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ၏ ရွှေလုပ်ကွက်(A)အား ထုတ်လုပ်မှု ရပ်ဆိုင်းထားရန် ညွှန်ကြားချက်များ ထုတ်ခဲ့သော်လည်း မလိုက်နာကြောင်း တွေ့ရှိရသလို မေးခွန်းမေးပြီးမှ ရပ်ဆိုင်းထားတာလည်း စဉ်းစားစရာပါပဲ။ ဝန်ကြီးဌာနနှင့် ကုမ္ပဏီများ နှစ်ဦးနှစ်ဖက် အားနည်းချက်ကြောင့်လည်း ကျွန်တော်တို့ သိရှိရပါတယ်။ ကျွန်တော်တို့ အမိကကတော့ ဝန်ကြီးဌာန ဘက်မှ ပိုပြီးအားနည်းချက်ရှိတယ်လို့ သုံးသပ်လို့ရပါတယ်။ လွှတ်တော်သက်တမ်းက (၂)နှစ်ကျော်၊ အစိုးရအဖွဲ့က (၂)နှစ်ပြည့်ဖို့ (၄)ရက်အလို ယနေ့အချိန်ထိ မဟုတ်တာ မလုပ်ကြပါနဲ့တော့ အသိစိတ်နှင့် ပြုပြင်ပြောင်းလဲကြဖို့ ပြောလို့မရတော့ဘူးလား။ သက်ဆိုင်ရာ ပုဂ္ဂိုလ်များ တာဝန်ယူ တာဝန်ခံဖြေရှင်းမှု မှမပေးနိုင်ရင် ထိုက်တန်သော အရေးယူမှုပြုလုပ်ဖို့ လိုအပ်နေပါပြီ။ ဗြိတိန် နိုင်ငံတကာဖွံ့ဖြိုးရေး ဝန်ကြီးဖြစ်သူ လော့(စ်)ဘိတ် သည် မေးခွန်းဖြေကြားရန်အတွက် အထက်လွှတ်တော်သို့ လာရောက်စဉ် အချိန်တစ်မိနစ်ခန့် နောက်ကျလို့ ဥပဒေပြုလွှတ်တော်အမတ်များကို တောင်းပန်ပြီးတော့ အရှက်ရ မိကြောင်း ဝန်ကြီးအဖြစ်မှ နုတ်ထွက်မည်ကို ဝန်ကြီးချုပ်ထံ တင်ပြမည်ဖြစ်ပါကြောင်း ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၁ ရက် သတင်းစာမှာ ဖတ်လိုက်ရပါတယ်။ ကျွန်တော်တို့ဆီက ပြည်ထောင်စု ဒုတိယ ဝန်ကြီး၊ ဝန်ကြီးများကတော့ ဗြိတိန်ဝန်ကြီးထက် သာတယ်လို့ ဆိုရပါမယ်။ နာရီဝက်ခန့်စောရောက် ပါတယ်။ သို့သော် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ တလွဲလုပ်ကွက် ဇာတ်လမ်းများကတော့ ဗြိတိန်ထက် မြောက်မြားစွာ သာလိမ့်မယ်လို့ ထင်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ ၂၀၁၃ခုနှစ်က ပြဋ္ဌာန်းတဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ယခုလထဲမှာ ပြန်လည်ပြုပြင်ရေးဆွဲတဲ့ အခန်း ကဏ္ဍမှာ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မည်သူ့ကိုမဆို ကြွယ်ဝ ချမ်းသာခြင်း၊ ရာထူးဆိုင်ရာလုပ်ပိုင်ခွင့် အလွဲသုံးစားပြုခြင်း သို့မဟုတ် အဂတိလိုက်စားမှု ကျူးလွန် ခြင်းနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌသို့ တင်ပြခွင့်ရှိသည်ဟု ပုဒ်မ ၄၃(ခ)မှာ ပြဋ္ဌာန်းထား ပါတယ်။ ကျွန်တော့်အနေဖြင့် ကိုယ်စားလှယ် တစ်ဦးချင်းထက်ကို သာလွန်တဲ့ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ကွင်းဆင်းစစ်ဆေးပေါ်ပေါက်မှု ရှာဖွေလေ၊ တွေ့ရှိလေ၊ ကောင်းတာတော့ မဟုတ်ပါဘူး။ အစိုးရ ယန္တရားများရဲ့ မမှန်မကန်လုပ်ရပ်များကို ကတိကဝတ်ကော်မတီနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် ပူးပေါင်းဆောင်ရွက် ညှိနှိုင်း အဖြေရှာရရင်တော့ ဆင်းရဲနေတဲ့ တိုင်းသူပြည်သားများအတွက် အကျိုးကျေးဇူးများ ရနိုင်မလားလို့ တွေးခေါ်ယူဆမိပါတယ်။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ အဖွဲ့အစည်းများအနေဖြင့်လည်း အရပ်ရပ်သုံးသပ်ပြီး မကြာမကြာ အဖွဲ့အစုများခွဲပြီး ကွင်းဆင်းစစ်ဆေးလိုပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကလည်း မိမိရဲ့ဒေသရောက်ရှိပါက ပူးပေါင်းဆောင်ရွက်ပေးစေလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့်ကတော့ နိုင်ငံ၏လက်ရှိ ပကတိအနေအထားမှာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကော်မတီများ အားလုံးမှ နဂါးမှန်းသိအောင် အမောက်ထောင်ပြဖို့တော့ မဟုတ်ပါဘူး။ နဂါးမှာ အမောက်ပါကြောင်း ပြသဖို့ အချိန်တော့ ရောက်ပါပြီလို့ ပြောကြားရင်း ဆွေးနွေးမှုအား နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၂။**

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ် ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့မှာ သဇင်ကျေးရွာ အ.ထ.က ကျောင်းမှာ တက္ကသိုလ်ဝန်ထမ်း စာစစ်ဌာနချပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ မေးမြန်းခဲ့ပါတယ်။ ၎င်းမေးခွန်းဟာ ကတိဖြစ်ပေါ်ခဲ့ပြီး ကတိအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့တဲ့အတွက် ကျောင်းသား၊ ကျောင်းသူ (၁၂၁)ဦးတို့ဟာ ယခု နှစ်မှာ သဇင် အ.ထ.က ကျောင်းမှာ ဖြေဆိုနိုင်ခဲ့ပါတယ်။ ကတိအတိုင်း ဆောင်ရွက်ပေးခဲ့တဲ့ ပညာရေး ဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့ကို အထူးကျေးဇူးတင်ပါတယ်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှ အဆို(၁)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၆၈)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၅၆)ခု၊ စုစုပေါင်း (၁၂၅)ခုတို့ တင်သွင်းခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ အစီရင်ခံစာရဲ့ ဖော်ပြချက်အရ သဘာဝသယံဇာတ ထုတ်ယူခွင့်ရရှိခဲ့တဲ့ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ၊ အာရှကမ္ဘာမြေကုမ္ပဏီ၊ ရွှေမိုးယံကုမ္ပဏီ ရွှေလုပ်ကွက်များကို ဖော်ပြထားပါတယ်။ နိုင်ငံတော်ရှိ သဘာဝသယံဇာတများကို အခြားသူများထက် အခွင့်အရေးယူကြပြီးတော့ နိုင်ငံတော်သို့ ပြန်လည်ပေးဆပ်ရမယ့် တန်ရာတန်ကြေးကျတော့ အခွင့်အရေး မရရှိခဲ့တဲ့ ပြည်သူများရဲ့ မျက်နှာကိုမှမထောက် ပြန်လည်ပေးဆပ်ရမှာကို လက်တွန့်နေကြကြောင်း အစီရင်ခံစာအရ သိရပါတယ်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး တင်သွင်း ခဲ့တဲ့ MICA ဖျက်သိမ်းရေးအဆိုကို ကျွန်တော့်အနေနဲ့ ပါဝင်ဆွေးနွေးခဲ့ပါတယ်။ အဲဒီအဆိုမှာ အောင်ဖြိုးမြတ်ကုမ္ပဏီမှ တံတားဆောက်လုပ်ရန်အတွက် ငွေကျပ်(၃)ဘီလီယံကို ကျေးလက်ဖွံ့ဖြိုးရေး ဘဏ်မှ ချေးယူ ခဲ့တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တောင်သူများဟာ အစိုးရဆီမှ လယ်တစ်ဧကလျှင် ချေးငွေကျပ်တစ်သိန်းခွဲရရှိဖို့အတွက် မိမိတို့ရဲ့လယ်ပိုင်ဆိုင်မှု ပုံစံ(၇)ကို အပေါင်ခံ ထားရပါတယ်။ အောင်ဖြိုးမြတ်ကုမ္ပဏီမှ ကျေးလက်ဘဏ်မှ ချေးငွေကျပ်(၃)ဘီလီယံအတွက် မည်သည့်

အပေါင်ထားခဲ့သလဲမေးခွန်း မေးခဲ့တာကို ဘိုးတော် ဒါရိုက်တာကိုမေးပြီး အကြောင်းပြန်မယ်ဆိုပြီးတော့ ယနေ့ အချိန်အထိ အကြောင်းမပြန်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေမှာ မော်ကင်းက ဆလုံလူမျိုး အနည်းစု နေထိုင်ကြပါတယ်။ မော်ကင်းလူမျိုးများဟာ သူတို့ကိုသူတို့ မော်ကင်းလူမျိုးများဟုသာ ဂုဏ်ယူဝင့်ကြွားစွာ ခေါ်ဆိုကြပါတယ်။ ပင်လယ်ကျေးရွာမှာ ရှိတဲ့ ဒေသခံရေလုပ်သားများနှင့် မော်ကင်းလူမျိုးတို့ဟာ စည်းကမ်းမဲ့ ကမ်းဝေးလှေများနှင့် အန္တရာယ်ကို နေ့စဉ်နှင့်အမျှ ရင်ဆိုင်နေရပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လောကပါလတရားများ စိုးမိုးပြီး တရားမျှတမှုကို မျှော်လင့်နေကြပါတယ်။ အတားအဆီးမဲ့ လုပ်ပိုင်ခွင့်ရ စည်းကမ်းမဲ့ ကမ်းဝေးငါးဖမ်းလှေများကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ တစ်နေ့ထက်တစ်နေ့ ရေသယံဇာတ ရှားပါးမှုများနဲ့ ရင်ဆိုင်နေကြရပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ လောကပါလတရားများ ပိုမိုထွန်းကားလာရေးကို မျှော်လင့်နေကြပြီးတော့ ဥပဒေရဲ့အောက်မှာ လွတ်လပ်စွာ စီးပွားရှာနိုင်မှု အသက်မွေးဝမ်းကျောင်းမှုကို လုပ်ကိုင်နေကြပါတယ်။ ဥပဒေမဲ့ စီးပွားရှာနေတဲ့ သူဌေးအုပ်စုအနည်းငယ်ကြောင့် မော်ကင်းတိုင်းရင်းသားများနှင့် ရေလုပ်ငန်းလုပ်ကိုင်လိုသူများ စီးပွားရေး ခက်ခဲလာမှုနှင့်ပြည်သူများ၏ ရင်ဖွင့်သံများကို လူမှုကွန်ရက်စာမျက်နှာမှာ နေ့စဉ် စိတ်မကောင်းစွာ တွေ့မြင်နေကြရပါတယ်။ စီးပွားရေးလုပ်ငန်းရှင် လူအနည်းစုမှ ဥပဒေမဲ့ စီးပွားရှာမှုကြောင့် ရခိုင်၊ ရန်ကုန်၊ ဧရာဝတီ၊ မွန်နှင့်တနင်္သာရီတိုင်းဒေသကြီးမှာရှိတဲ့ ဒေသခံတိုင်းရင်းသားများရေသယံဇာတရှားပါးမှုများနဲ့ ရင်ဆိုင်နေကြရပါတယ်။


တနင်္သာရီတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း တင်သွင်းခဲ့တဲ့ ငါးတင်/ငါးချ ဆိပ်ကမ်းမှာ စစ်ဆေးပြီးမှသာ ပြည်ပသို့ FOB,CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ရေထွက်ပစ္စည်းများ ပြည်ပသို့ သယ်ယူ အဆိုအောင်ထားပါတယ်။ ဥပဒေရဲ့အောက်မှာ နေချင်ရင်နေမယ်။ မနေချင်ရင်လည်း ရတယ်ဆိုတဲ့ ဥပဒေမဲ့ ရင်းနှီးမြှုပ်နှံမှုကိုသာ တိုးလာနေပါတယ်။ ခေတ်စနစ်အရ ပွင့်လင်းမြင်သာစွာ အခွန် တင်းကြပ်လာသော်လည်းပဲ For Show ကိုတော့ မကျော်နိုင်ပါဘူး။ တစ်ထောင်မြင်လျှင် တစ်ရာစွန့်ဆိုတဲ့ လူတစ်စုရဲ့ ဥပဒေမဲ့ စီးပွားရှာမှုကလည်း ယဉ်ကျေးမှုတစ်ခုလို မြိတ်ဒေသမှာ ဖြစ်ပေါ်နေပါတယ်။ သူဌေးကြီးများမှ ငါးယူကောက်ချိန်ကို စာရင်းပေးပြီး ဝန်ထမ်းများမှ လက်မှတ်ထိုး အတည်ပြုနေကြတဲ့အတွက် မြိတ်ခရိုင်အတွင်းမှာ ရေထွက်ထုတ်ကုန်များမှာ နိုင်ငံတော်အတွက် ကျပ်ဘီလီယံ (၃၀)ခန့် နေ့စဉ် နစ်နာနေပါတယ်။

အဲဒီအခွန်ငွေတွေဟာ နိုင်ငံအတွင်းမှာရှိတဲ့ သန်းငါးဆယ်ကျော်သော ပြည်သူများအတွက် ပညာရေး၊ ဆေးကုသစရိတ်၊ ကျန်းမာရေးမှာ ပံ့ပိုးနိုင်မှာဖြစ်တဲ့အတွက် နိုင်ငံ့ဝန်ထမ်းများမှလည်း နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများကို မှန်ကန်စွာ ရရှိစေရေးအတွက် နိုင်ငံတော်နှင့် ပြည်သူရဲ့ မျက်နှာကိုကြည့်ပြီးတော့ ပြတ်သားစွာ ဆောင်ရွက်ကြရန် တိုက်တွန်းရင်း ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာအပေါ် အကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

စည်းကမ်းမဲ့ ကမ်းဝေးငါးဖမ်းလှေများကြောင့် မော်ကင်းတိုင်းရင်းသားများနှင့်ဒေသခံများ စီးပွားရေး ခက်ခဲလာ၍ ပြည်သူများ၏ ရင်ဖွင့်သံများ ပြပုံ (ရရ)




မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ စိုးမိုးမှု ကင်းမဲ့နေသော ပထက်ငါးလေလံဈေး ကျွန်းစုမြို့နယ်ပြပုံ (ရရ-၁)



နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများရရှိစေရန် ပြည်သူ့ဝန်ထမ်းများအား တိုက်တွန်းခြင်းပြုပုံ (ရရ-၂)




**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ခ)သန်းစိုး (ဘောဂဗေဒ) ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၆။**

**ဦးသန်းစိုး (ခ) သန်းစိုး (ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ အစီရင်ခံစာနှင့် ပတ်သက်ပြီးတော့ ဖြည့်စွက်ဆွေးနွေး ထောက်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေရဲ့ တာဝန်ဟာ ဥပဒေပြုခြင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်း၊ ကိုယ်စားပြုခြင်းဆိုတဲ့ အချက်(၃)ခုအပေါ်မှာ ကျွန်တော်တို့ ရပ်တည်ရတာဖြစ်ပါတယ်။ အဲဒီတော့ အပြန်အလှန် ထိန်းကျောင်း ခြင်းဆိုတဲ့နေရာမှာ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီမှာရှိတဲ့ ဒီအမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီနှင့် ပတ်သက်တဲ့ အကြောင်းအရာကို ကြည့်ရမယ်ဆိုရင် ဒီပေါ်မှာ အဂတိလိုက်စားမှုများ၊ တာဝန်မဲ့လုပ်ရပ်များ၊ တာဝန်မယူတဲ့လုပ်ရပ်များကို အနည်းငယ်တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ တာဝန်တစ်ခုဖြစ်တဲ့ အပြန်အလှန်ထိန်းကျောင်းခြင်းဆိုတဲ့ ဟာလည်း ဒီနေရာမှာ အကျုံးဝင်သွားပါပြီ။ နောက်တစ်ခုက ကိုယ်စားပြုခြင်း။ ဒီအစီရင်ခံစာရဲ့ တွေ့ရှိချက်တွေအပေါ်မှာ မူတည်ပြီးတော့ ကိုယ်စားပြုမှုအရပြောရမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံတော်ဟာ ရွှေ(၃၀၈၇)ပိဿာတောင်မှ ရရှိဖို့ကျန်နေသေးတယ် ဆိုတဲ့အချက်ကို သွားတွေ့ရတဲ့အတွက် ဒါဟာ နိုင်ငံတော်ရဲ့ နစ်နာမှု၊ နိုင်ငံသားတွေရဲ့ နစ်နာမှုဖြစ်ပါတယ်။ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ

စာမျက်နှာ(၂၅)ကစပြီးတော့ (၂၉)မှာ ဖော်ပြထားချက်အရ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဒီအချက်နှင့် ပတ်သက်ပြီးတော့မှ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥပဒေအရ ကျွန်တော်တို့ ကိုယ်စားလှယ်တွေအနေနဲ့ အပြန်အလှန်ထိန်းကျောင်းခြင်း၊ ကိုယ်စားပြုခြင်းဆိုတဲ့ ရှုထောင့်ကကြည့်ရင်ကို အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာအပေါ်မှာ အများကြီး တာဝန်များ ရှိနေသလားလို့ ကျွန်တော့်ကို ကျွန်တော်လည်း သံသယရှိမိပါတယ်။ ဒါကြောင့် ဒီအဆိုကို ကျွန်တော် ဆွေးနွေးရခြင်းဖြစ်ပါတယ်။ အဆိုနဲ့ ပတ်သက်ပြီးတော့မှ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက် စာမျက်နှာ(၂၅) မှာ (၂)ကြိမ် သတိပေးတယ်။ နောက် ခွင့်ပြုမိန့် ပယ်ဖျက်ကြောင်း ဖော်ပြထားတယ်။ နောက် စာချုပ်ရပ်စဲမယ်လို့ ဖော်ပြထားတယ်။ အရေးယူမှုအပိုင်းတော့ မတွေ့ရပါဘူး။ အဲလိုပဲ ရွှေ့နေချုပ်ရုံးကလည်း ဖော်ပြတာတွေ့ပါတယ်။ စာချုပ်တွေ ထပ်တလဲလဲ ချုပ်ဆိုခြင်းဖြင့် နစ်နာတဲ့ အပိုင်းတွေကို ဖော်ပြထားတာ ရှိပါတယ်။ နောက် Third Party မှာလည်း ရွှေပါဝင်မှု ကောင်းမွန်တဲ့သတ္တုကြောတွေမှာပဲ ထုတ်လုပ်ထားတယ်ဆိုတာကို ထပ်ပြီးတော့ တွေ့ရပါတယ်။ ပြီးတော့ နှစ်ဖက်စလုံးမှာ တာဝန်ရှိတယ်ဆိုတာကို ထပ်ပြီးတော့ ရေးထား ပါတယ်။

အဲဒီတော့ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီအနေနဲ့ နိုင်ငံတော်ကိုပေးရမယ့် ရွှေပိဿာ (၃၀၈၇) ကို တစ်ပိဿာကို ကျပ်သိန်း(၉၀၀)နဲ့ တွက်ရင်တောင်မှ ကျွန်တော်တို့ ဆုံးရှုံးသွားတာက ကျပ် သိန်းပေါင်း နှစ်သန်းခုနှစ်သိန်းခုနှစ်သောင်းရှစ်ထောင့်သုံးရာ ဘီလီယံနဲ့ တွက်မယ်ဆိုရင် ကျပ်(၂၇၇၈) ဘီလီယံ ဖြစ်ပါတယ်။ ဒါ GDP နဲ့တွက်ရင်ကို တော်တော်ကို ဆုံးရှုံးတဲ့ ပမာဏ ဖြစ်ပါတယ်။ အဲဒီတော့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီအနေနဲ့လည်း သူတို့ရဲ့ အကြံပြုချက်(၈)ချက်ကို ဖော်ပြထားတာတွေ့ပါတယ်။ ဒါပေမဲ့ အရေးယူဆောင်ရွက်မှုအပိုင်းကို ဘယ်လို ဖော်ပြမယ်ဆိုတာ မပါပါဘူး။ အဲဒီတော့ ဒီ ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့ ဥပဒေအရ ဥပဒေ ၆၄ မှာ ပြည်ထောင်စုဝန်ကြီးတွေ ဒုတိယဝန်ကြီးတွေအနေနဲ့ နိုင်ငံတော်၏ စီမံကိန်းအရ ဆောင်ရွက်ရမည့် လုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော်စေရန် တာဝန်ယူခြင်းနှင့် တာဝန်ယူရမှာ ဖြစ်ပါတယ်။ ဥပဒေအရ။

နောက်တစ်ခုက တည်ဆဲဥပဒေ၊ နည်းဥပဒေစည်းကမ်းများ အမိန့်များ၊ ညွှန်ကြားချက်များ လုပ်ထုံးလုပ်နည်း ညီညွတ်ခြင်း၊ ဆောင်ရွက်ခြင်း ရှိ/မရှိကို စိစစ်ပြီးတော့ ကြီးကြပ်ရမှာဖြစ်ပါတယ်။ အဲဒီတော့ ဝန်ကြီးဌာနတွေ၊ ပြည်ထောင်စုဝန်ကြီးတွေ၊ အစိုးရအဖွဲ့၊ ဌာနဆိုင်ရာ ဝန်ထမ်းတွေရဲ့ အဂတိ လိုက်စားမှုများ ရှိသလား။ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိသလား ဆိုတာ ဒီအစီရင်ခံစာကို ကြည့်လိုက်တာနဲ့ အထင်းသား ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ အကြံပြုချက်အနေနှင့် နောက်ဆုံးပြောရမယ်ဆိုရင် ဒီနစ်နာဆုံးရှုံးမှုနှင့် ပတ်သက်ပြီးတော့မှ သီးခြားခုံရုံးအဖွဲ့ အဖွဲ့ပြီးတော့ စစ်ဆေးဖို့ ကျွန်တော်အကြံပြုလိုပါတယ်။

ဒီအချက်ကိုလည်း နောက်များမှာ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေနဲ့ ဖွဲ့ပေးပါ။ နောက်တစ်ခုက နိုင်ငံတော်နဲ့ ချုပ်ဆိုထားတဲ့ စာချုပ်မှန်သမျှ ကျွန်တော်တို့သိသလောက် နိုင်ငံတော်က ဆုံးရှုံးရတာ ကြီးခဲ့ပါတယ်။ အဲဒီတော့ အဲစာချုပ်တွေမှန်သမျှ

ကိုလည်း ပြန်လည်စစ်ဆေးဖို့ Review လုပ်ဖို့ ထပ်ပြီးတော့ ဒီနေရာမှာ ဖြည့်စွက်ဆွေးနွေးရပါတယ်။ ဒါကြောင့်မို့ ဒီအစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်ရဲ့ ထောက်ခံ အကြံပြုချက်ကို ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၁။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။　　။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ခုန ကိုယ်စားလှယ်တွေက အများကြီး ဆွေးနွေးသွားပြီးတဲ့ကြောင့်မို့လို့ အနှစ်ချုပ်ပဲ ဆွေးနွေးပါရစေ။ ခုနတုန်းက ဦးသန်းစိုး ပြောပြသွားသလိုပဲ ကျွန်မတို့ အနေနဲ့ပေါ့နော်။ ပေးသွင်းရန်ကျန်တဲ့ ရွှေပမာဏကို ကျွန်မတို့ တွက်လိုက်တဲ့အခါမှာ ကျပ်ဘီလီယံ (၂၇၀၀)ကျော် ရှိပါတယ်။ ကျွန်မတို့ရဲ့ ပြီးခဲ့တဲ့နှစ်က ဘတ်ဂျက်လိုငွေက ကျပ်ဘီလီယံ(၄၀၀၀)ကျော် ရှိပါတယ်။ ဒါဆိုလို့ရှိရင် ဒါ ဘယ်လောက်ထိ ကျွန်မတို့ တကယ်လို့သာ ဒီအခွန်အခတွေကို မှန်မှန်ကန်ကန် ရမယ်ဆိုရင် ကျွန်မတို့ရဲ့ ဘတ်ဂျက်လိုငွေ ဘယ်လောက်ထိ သက်သာသွားမလဲ။ ခုနကလို GDP လည်း ဘယ်လောက်ထိ တက်လာမလဲဆိုတာ အားလုံးတွက်ချက်လို့ ရပါတယ်။ အဲဒီတော့ ဒီကော်မတီကနေ ပြီးတော့မှ အကြံပြုချက်တွေကို ကျွန်မအနေနဲ့ ထပ်မံအကြံပြုပြီးတော့မှ ထောက်ခံဆွေးနွေးချင်ပါတယ်။

ဒီအဆိုနဲ့ ပတ်သက်ပြီးတော့မှ ကော်မတီကနေပြီးတော့မှ ဆောင်ရွက်ခဲ့တဲ့ကြောင့်မို့လို့ ကျွန်မ ကျေးဇူးအများကြီးတင်ပါတယ်။ ကော်မတီက တာဝန်ရှိသူတွေလည်း ချီးကျူးလိုပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဒီအဆိုဟာ အရမ်းကိုပဲ အရေးကြီးပါတယ်။ ကော်မတီကနေပြီးတော့မှ အကြံပြုထားတယ် ပေါ့နော်။ စာချုပ်တွေကို ကျွန်မတို့ ပြန်လည်ပြီးတော့မှ ချုပ်ဆိုတဲ့အခါမှာ ဒီကုမ္ပဏီတွေရဲ့ နစ်နာချက်တွေကိုပဲ ပြင်ဆင်ပြီးတော့ စာချုပ်မှာ နိုင်ငံတော်ရဲ့ သဘာဝပတ်ဝန်းကျင်နဲ့အပြင် နိုင်ငံတော်ကလည်း နစ်နာခဲ့တယ်ပေါ့နော်။ ဒီ ဖြစ်မြောက်နိုင်စွမ်း ဆန်းစစ်ချက်တို့ ကော်မတီရဲ့ သတ္တုတူးဖော်မှုစီမံချက်မှာ သတ္တုတွင်းပိတ်သိမ်းတဲ့ အစီအမံ ဒါတွေကို ဘာကြောင့်မို့လို့ မပြင်ဆင်ခဲ့တာလဲ။ နှစ်ကြိမ်တိုင်ပြင်ဆင်ခဲ့တယ်ဆိုရင် ဘာဖြစ်လို့ ဒီအစီရင်ခံစာမှာ ပြင်ဆင်သင့်တာတွေကို ထပ်မံမပြင်တာလဲ။ အဲဒီတုန်းက တာဝန်ရှိသူတွေက ဘယ်သူတွေလဲ။ ဒါကိုလည်း ကော်မတီအနေနဲ့ ဒါ ကျွန်မတို့ By Name နဲ့ တပ်တာ မဟုတ်တောင်မှ တာဝန်ရှိတဲ့သူတွေကို ဒီ အစီရင်ခံစာမယ် ထည့်သွင်းပြီးတော့မှ ကျွန်မတို့ ဒါ ဖော်ပြစေလိုပါတယ်။

ဘာကြောင့်လဲဆိုတော့ ကုမ္ပဏီတစ်ခုတည်းကနေပြီးတော့မှ ဒီ ဖောက်ဖျက်တာမဟုတ်ဘဲနဲ့ သက်ဆိုင်ရာဌာနတာဝန်ရှိသူတွေကလည်း ဒီမယ် ပါဝင်နေတဲ့ အတွက်ကြောင့်မို့လို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ကတော့ ဒီမယ် တာဝန်ရှိတဲ့သူတွေနဲ့ ကော်မတီအနေနဲ့ ဒီအစီရင်ခံစာ ပို့ပြီးသော်လည်းကောင်း၊ ထပ်မံဆွေးနွေးပြီးသော်လည်းကောင်း ဆောင်ရွက်ရမယ့်ကိစ္စတွေကို ခုနတုန်းက

အကြံပြုထားတဲ့ ပြည်ထောင်စုအဆင့် ကော်မရှင်ကနေပြီးတော့မှ စစ်ဆေးပြီးတော့မှ ထိထိရောက်ရောက်နှင့်လျှင်လျှင်မြန်မြန် စစ်ဆေးအရေးယူဖို့ ကျွန်မအနေနဲ့ အကြံပြုချင်ပါတယ်။

နောက်တစ်ခါ သက်ဆိုင်ရာ ဒီဌာနတွေက တာဝန်ရှိသူတွေကလည်း ဒါဝန်ထမ်းစည်းမျဉ်းစည်းကမ်းတွေ ဖောက်တဲ့ကြောင့်မို့လို့ တည်ဆဲဥပဒေတွေ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းတွေနဲ့ ဘာဖြစ်လို့ ဒီလိုမျိုး ကိုယ်တာဝန်ယူရမယ့်ကိစ္စတွေကို ဖောက်ဖျက်ခဲ့သလဲဆိုတာ ဘယ်သူမှာ တာဝန်ရှိသလဲဆိုတာကို ထုတ်ဖော်ပြီးတော့မှ သက်ဆိုင်ရာဌာနကနေပြီးတော့မှ အရေးယူပေးဖို့လည်း ကျွန်မအနေနဲ့ အကြံပြုလိုပါတယ်။ နောက်တစ်ခါ ဒေသခံတိုင်းရင်းသား မိတ်ဖက်ကုမ္ပဏီတွေနဲ့ ဆိုလို့ရှိရင် ဒီမှာ တင်ပြသလောက်ဆိုရင်တော့ပေါ့။ အဲ့သလောက်ဆို ဒီဒေသခံမိတ်ဖက် တိုင်းရင်းသားမိတ်ဖက် ကုမ္ပဏီတွေနဲ့ ကုမ္ပဏီတွေ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီတွေနဲ့ ဘယ်လိုစာချုပ်ချုပ်ထားလဲ။ သူတို့အနေနဲ့ နစ်နာချက်တွေကို တင်ပြထားတာ ရှိပါတယ်။

ဒါကြောင့်မိုလို့ ဒီလိုမျိုးထပ်ဆင့်ပြီးတော့မှ ချုပ်ဆိုတဲ့ စာချုပ်တွေကိုလည်း ကော်မတီတွေနဲ့ ထပ်မံစစ်ဆေး ပြီးတော့မှနစ်နာလို့ရှိရင် ကျွန်မတို့ ပြန်လည်ချုပ်ဆိုဖို့ တိုက်တွန်းလိုပါတယ်။ နောက်အရေးကြီးတဲ့အချက်ကတော့ ကော်မတီကလည်း တင်ပြထားသလို ကုမ္ပဏီက တင်ပြထားတာ အဲဒါ ဘာလဲဆိုတာ အလုပ်သမားတွေအတွက် နစ်နာကြေးပါ။ ကျွန်မတို့ သတင်းတွေမှာလဲ အမြဲတမ်းကြားနေရတယ်။ ဒီ မိုးထိမိုးမိကုမ္ပဏီ၊ အမျိုးသားကြီးပွား တိုးတက်ရေးကုမ္ပဏီ ဆန္ဒပြပွဲတွေ အများကြီးဖြစ်ပါတယ်။ ဝန်ထမ်းတစ်သိန်းကျော်ဟာ အများကြီးပဲ နစ်နာခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ဒီလို စာချုပ်တွေချုပ်ဆိုတဲ့အခါမှာ ဒီဝန်ထမ်းတွေ အလုပ်သမားတွေအတွက်ပေါ့နော်။ အလုပ်ကြမ်းလုပ်တဲ့အလုပ်သမားတွေ၊ ဝန်ထမ်းတွေအတွက် အလုပ်သမားဥပဒေနှင့် ဘယ်လိုမျိုး ချုပ်ဆိုထားသလဲ ဒီလိုမျိုး ကုမ္ပဏီကနေ ရပ်ဆိုင်းလိုက်မယ် နည်းလမ်းမမှန်တဲ့ ကိစ္စတွေလုပ်လို့ ဝန်ထမ်းတွေ အလုပ်သမားတွေ နစ်နာတယ်ဆိုရင် သူတို့အတွက် နစ်နာကြေးတွေကို ဘယ်လိုမျိုး ပေးဆောင်မလဲဆိုတာကိုလည်း ကျွန်မအနေနဲ့ ဒီနေရာမှာ မေးမြန်းလိုပါတယ်။ ဒါကြောင့်မို့လို့ ဒီ အလုပ်သမားတွေရဲ့ နစ်နာကြေးတွေ နောက် သူတို့အတွက် လျော်ကြေးတွေကို ပေးအပ်သင့်တယ်။

အဲဒါကိုလည်း ကျွန်မတို့ ဒီ သက်ဆိုင်ရာဌာနများနှင့် ကုမ္ပဏီများကနေပြီးတော့မှ စီစဉ်ပြီးတော့မှ ပေးရမယ်ဆိုတာကိုလည်း ဒီကော်မတီအနေနဲ့ ကျွန်မအနေနဲ့ ထပ်လောင်းပြီးတော့ တိုက်တွန်းလိုပါတယ်။ နောက်ဆုံးအနေနဲ့ ကျွန်မ အကြံပြုချင်တာကတော့ ခုနတုန်းက ကိုယ်စားလှယ်ကြီး တင်ပြသွားသလိုပဲ ကျွန်မတို့ ဒီစီမံကိန်းတွေ ကုမ္ပဏီတွေနဲ့ နှစ်ဦးနှစ်ဘက် ချုပ်ဆိုတဲ့အခါမှာ ကျွန်မတို့က ဒီ ပုဂ္ဂလိက ကုမ္ပဏီတွေဘက်ကိုလည်း ကျွန်မတို့ မျှတမှုရှိအောင် ကျွန်မတို့ နိုင်ငံတော်ရဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးမှုတွေ နောက်တစ်ခါမှာ ခုနတုန်းက အလုပ်သမားတွေရဲ့ နစ်နာမှုတွေ ဝန်ထမ်းတွေရဲ့ နစ်နာမှု စသည်ဖြင့် ကျွန်မတို့ ဆုံးရှုံးနိုင်ခြေရှိတာတွေ ကျွန်မတို့က ထည့်သွင်းချုပ်ဆိုပြီးတော့ အဲ့လို ဆုံးရှုံးနိုင်ခြေရှိတာတွေကို ဘယ်လိုအစားထိုးဆောင်ရွက်မလဲဆိုတာ စာချုပ်တွေမှာ တိတိလင်းလင်း တည်ဆဲဥပဒေများနှင့်အညီ ရေးဆွဲထားမယ်ဆိုရင် ကျွန်မတို့ မလိုလားအပ်တဲ့ ပြဿနာတွေ မဖြစ်ပါဘူး။ အဲဒီလိုပဲ ဒီကိစ္စဟာ အခွန်ပေါ့နော်။ အခွန်ဦးစီးဌာနနဲ့လည်း သက်ဆိုင်နေပါတယ်။ အခွန်ဦးစီးဌာနက သူရသင့်ရထိုက်တဲ့အခွန်တွေကို မရဘူးဆိုလို့ရှိရင် ဒါ ကျွန်မတို့ သတင်းစာထဲမှာ ကြေညာပါတယ်။

ဒါပေမဲ့ ဘယ်သူက အရေးယူဆောင်ရွက်မှာလဲ။ ဘယ်သူ့မှာ တာဝန်ရှိလဲဆိုတာ ကျွန်မတို့ ဒီလိုမျိုး စာချုပ်စာတမ်းတွေမှာ တစ်ခါတည်း တိတိကျကျ လမ်းညွှန်ပြီးတော့မှ ရေးသားထားမယ်ဆိုလို့ရှိရင် ကျွန်မတို့ ဒီလိုမျိုး ကိစ္စရပ်တွေဖြစ်လာမှာ မဟုတ်ပါဘူး။

ဒါကြောင့်မို့လို့ ကျွန်မတို့ ဒီစာချုပ်တွေချုပ်ဆိုတဲ့နေရာမှာ တည်ဆဲဥပဒေနှင့်အညီ တိတိကျကျ တာဝန်ယူမှု၊ တာဝန်ခံမှု ဘယ်သူ့မှာ တာဝန်ရှိလဲ။ ဘယ်သူက တာဝန်ခံရမလဲ။ ပြဿနာ ဖြစ်လာလို့ရှိရင် ဘယ်လိုမျိုးပြစ်ဒဏ်တွေ ချမှတ်သလဲဆိုတာကိုလည်း ထည့်သွင်းရေးဆွဲစေလိုကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၁:၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်း ခဲ့သည့်အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာပါ။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အဆို တင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၇။**

**ဦးသိမ်းဆွေ (ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေ ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်း များနှင့် စပ်လျဉ်းပြီးတော့ အစီရင်ခံစာကို ၂၂-၃-၂၀၁၈ ရက်နေ့မှာ ကော်မတီဝင်များဖြစ်ကြတဲ့ ဦးလှမြင့်သန်း၊ ဦးဝင်းအောင် တို့မှ အမျိုးသားလွှတ်တော်ကြီးသို့ ဖတ်ကြားတင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါမှာ အစီရင်ခံစာနှင့် ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၇)ဦးကနေပြီး အကြံပြု ထောက်ခံဆွေးနွေးသွားခဲ့ကြပါတယ်။ ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးခဲ့ကြတဲ့ အချက် များကိုလည်း ကော်မတီအနေနဲ့ အလေးထား ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေနဲ့ ကျွန်တော်တို့ ဆောင်ရွက်ချက်တွေနှင့်ပတ်သက်ပြီးတော့ အနည်းငယ် ရှင်းပြလိုတဲ့အတွက် အချိန်အနည်းငယ် ပေးစေလိုပါတယ်ခင်ဗျား။ ခွင့်ပြုဖို့တင်ပြလိုပါတယ်။ ပထမဦးဆုံး ဒေါက်တာခွန်ဝင်းသောင်း ကချင်(၁၁)ကနေပြီး ဆွေးနွေးသွားတာမှာ MICA ကို သုံးသပ်တာ မတွေ့ရသေးဘူးလို့ တင်ပြထားပါတယ်။ မှန်ပါတယ်။ ဒီ အခု အစီရင်ခံစာရေးတဲ့အခါမှာ ရွှေလုပ်ကွက် ABD ရဲ့ကိစ္စဟာ တိုင်းပြည်ရဲ့ အရေးကြီးကိစ္စဖြစ်နေပါတယ်။ အရေးကြီးကိစ္စဖြစ်နေတဲ့အတွက် ဒီစာတမ်းနဲ့တင် အစီရင်ခံစာဟာ တော်တော်ထူသွားပါပြီ။ MICA ကိုပါ ထည့်သွင်းရေးသားရမယ်ဆိုရင် စာတမ်းကို ကျွန်တော်တို့ တစ်နာရီခွဲလောက် ဖတ်ရမယ့် အခြေအနေ ဖြစ်ပါတယ်။ အခု MICA ရဲ့ အဆိုကို ကတိကဝတ်စာရင်းကနေ ကျွန်တော်တို့ မပယ်ဖျက်သေးဘူး။ ကျန်ရှိတဲ့နေရာတွေကို စိစစ်ပြီးမှ MICA ကို အဆုံးသတ် ကျွန်တော်တို့ ရေးသားမှာ ဖြစ်ပါတယ်။

အဲဒီတော့ MICA နဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဖြစ်တဲ့ ကျွန်တော်တို့ ဒီ ဒေါက်တာအောင်သူ ကနေပြီးတော့ ကျွန်တော်တို့ ၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှာ ဒီ MICA နဲ့ ပတ်သက်တဲ့ ဆောင်ရွက်ချက်တွေ နောက်ဆုံးအခြေအနေ ပေးပို့ထားတာလေးကို ပြီးရင် ကျွန်တော့်အနေနဲ့ ဖတ်ကြားပြပါမယ်။ နောက်တစ်ခုက လွှတ်တော်ကိုယ်စားလှယ်ကြီးဖြစ်တဲ့ ဦးခင်မျိုးဝင်း က ငါးတင်၊ ငါးချ ဆိပ်ကမ်းနဲ့ ပတ်သက်ပြီးတော့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ဝန်ကြီးဌာနက တာဝန်ရှိတဲ့ တာဝန်ယူ၊ တာဝန်ခံ ဖြေကြားပေးနိုင်တဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံစဥ်မှာ ဒီ ဆွေးနွေးခဲ့တဲ့ ကိုယ်စားလှယ်တော်ကြီးကိုလည်း ကျွန်တော့်အနေနဲ့ ဖိတ်ကြားပေးပါမယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ ဒီ ဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီးတော့ ဒီအဆိုနဲ့ပတ်သက်ပြီး ဆောင်ရွက်ထားတာတွေကို ဘယ်လောက် အတိုင်းအတာအထိ ဆောင်ရွက်ထားတယ်ဆိုတာ အသေးစိတ် သက်ဆိုင်ရာတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေက ဖြေကြားပေးဖို့ကို ကျွန်တော့်အနေနဲ့ တွေ့ဆုံစဥ်မှာ တစ်ခါတည်း ကျွန်တော်တို့ တိတိပပ ဖြေကြားပေးဖို့ ဆိုတာကို ကျွန်တော့်အနေနဲ့ ဆွေးနွေးပေးပါမယ်။

နောက်တစ်ခုက ဆရာ ဦးအောင်သိန်း ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးဖြစ်တဲ့ ဦးအောင်သိန်း က ကျွန်တော်တို့ ဒီ ရွှေလုပ်ကွက် A,B,D ရဲ့ ကြွေးကျန်တွေနဲ့ ပတ်သက်ပြီးတော့ ဘယ်လို ဆောင်ရွက်ထားသလဲဆိုပြီးတော့ ကျွန်တော်တို့ မေးမြန်းထားတာတွေ ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့လည်း ဆွေးနွေးပေးပါမယ်။ နောက် ကိုယ်စားလှယ်တော်ကြီးတစ်ဦးဖြစ်တဲ့ ဦးလှဆန်း က ကော်မတီရဲ့ ဆောင်ရွက်ချက်တွေဟာ ဘယ်လောက်ထိ ထိရောက်သလဲ၊ ကတိဖြစ်ပေါ်ခဲ့တဲ့မေးခွန်းတွေ ပြီးစီးမှု နည်းပါးတယ်။ ပြီးတော့ ရွှေလုပ်ကွက် A,B,D ကို သုံးသပ်သွားတဲ့ကိစ္စမှာ ကျွန်တော်တို့အနေနဲ့ ဒီ ရွှေလုပ်ကွက် A,B,D နဲ့ ပတ်သက်ပြီးတော့ သုံးသပ်ချက်တွေ၊ နောက် MICA နဲ့ ပတ်သက်ပြီး ဒီ သုံးသပ်ချက်တွေနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ ပြန်လည်တွေ့ဆုံတဲ့အခါမှာ ဆွေးနွေးခဲ့တဲ့ ကိုယ်စားလှယ်တော်ကြီးတွေကိုလည်း ထပ်မံပြီးဖိတ်ကြားပါမယ်။ ကော်မတီမှာ အသေးစိတ် ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးကြမယ်ဆိုရင် အဖြေကောင်းတွေ အများကြီးရလာလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ မျှော်လင့်ပါတယ်။

နောက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတစ်ဦးဖြစ်တဲ့ ဦးဇော်ဟိန်း ကတော့ ကတိအတိုင်း အစိုးရအဖွဲ့က ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း၊ ဒါကတော့ ဒီ မေးခွန်းနဲ့ပတ်သက်ပြီး

ဆောင်ရွက်တာကိုပါ။ နောက်တစ်ခုက ရွှေလုပ်ကွက်ကုမ္ပဏီတွေကနေ နိုင်ငံတော်ကို ပေးသွင်းမှုတွေက နှောင့်နှေးကြန့်ကြာနေတာ၊ ပျက်ကွက်နေတာကို တင်ပြသွားပါတယ်။ ဒါတွေကို တစ်ပေါင်းတည်း ကျွန်တော့်အနေနဲ့ ပြီးရင် ပြန်လည်ပြီးတော့ ရှင်းလင်းပြပါ့မယ်။ ကော်မတီရဲ့ တင်ပြချက်ကို နောက် ဦးသန်းစိုး (ခ) သန်းစိုး (ဘောဂဗေဒ) အနေနဲ့ ကော်မတီရဲ့ရေးသားချက်တွေမှာ ဘယ်လို အရေးယူ ဆောင်ရွက်မယ်ဆိုတာကို မပါဘူး။ အဲဒီတော့ ကျွန်တော်တို့က တကယ်တမ်းမှာ ကော်မတီဟာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လွှတ်တော်ရဲ့တာဝန်ဟာ အပြန်အလှန်ထိန်းကျောင်းတဲ့ အလုပ် ဖြစ်ပါတယ်။ တချို့ဟာတွေမှာ ကျွန်တော်တို့ လက်ကုန်လိုက်နိုက်နေလို့ ကျွန်တော်တို့ အခက်အခဲတွေ အများကြီး ရှိပါတယ်။ ကျွန်တော်တို့ဟာ ဝန်ကြီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ကို ဘယ်လို လုပ်လိုက်ပါ။ ဘယ်လိုအရေးယူဆောင်ရွက်ပါ ဆိုတာမျိုးကို ကျွန်တော်တို့ လွယ်လွယ်လေး ကျွန်တော်တို့ ရေးလိုက်တဲ့အခါမှာ အခက်အခဲတွေ အများကြီး ဖြစ်သွားစေပါတယ်။ ဘောင်ကို ချုံ့ပေးလိုက်သလို ဖြစ်သွားနိုင်ပါတယ်။

ဒါကြောင့်မို့လို့ ဒီ ဝန်ကြီးဌာနနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့က အချက်အလက် အသေးစိတ် တွေကို ရအောင် ကျွန်တော်တို့ ယူတယ်။ ပြီးတဲ့အခါမှာ နိုင်ငံသူ နိုင်ငံသားတွေအတွက်၊ အကျိုးရှိဖို့ အတွက် အစီအမံတွေ ချမှတ်ဆောင်ရွက်ဖို့ လိုတယ်ဆိုတဲ့ အကြောင်းကိုလည်း ကျွန်တော့်အနေနဲ့၊ ကော်မတီအနေနဲ့ ကျွန်တော်တို့ ဒီအချက်လေးကိုလည်း ဒါကြောင့် ထည့်သွင်းထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ကော်မတီရဲ့ အစီရင်ခံစာ စာမျက်နှာ ၃၂ မှာ ဖော်ပြထားပါတယ်။ မိုးထိမိုးမိ ဒီ အမျိုးသား ကြီးပွားတိုးတက်ရေးကုမ္ပဏီ၊ ရွှေမိုးယံကုမ္ပဏီ၊ အာရှကမ္ဘာမြေ ကုမ္ပဏီ (၃)ခုစလုံးကို ကျွန်တော်တို့ အနေနဲ့က ဒီ မိုးထိမိုးမိ၊ အာရှကမ္ဘာမြေ၊ ရွှေမိုးယံ ဒီ ကုမ္ပဏီများနှင့် ပတ်သက်ပြီးတော့ ဒီ လုပ်ကွက် A မှာတော့ ရွှေသတ္တုသိုက်ပမာဏ များစွာပါဝင်တဲ့အတွက် နိုင်ငံတော်အတွက် ဘဏ္ဍာငွေ ပျောက်ပျက် ဆုံးရှုံးမှုမရှိရန် အလွန်အရေးကြီးတယ်လို့ သုံးသပ်ပါတယ်။

ဒီအတွက် နိုင်ငံတော်ကနေ ရရှိလာမယ့် အခွန်ဘဏ္ဍာနဲ့ အကျိုးအမြတ်တွေ မနစ်နာစေရေး အတွက်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများ ထမ်းဆောင်ရမယ့် တာဝန်ဝတ္တရားများကို ဥပဒေ၊ လုပ်ထုံး လုပ်နည်းနှင့်အညီ ကျေပြွန်စွာ ထမ်းဆောင်နိုင်ရေးအတွက်လည်းကောင်း၊ သတ္တုမိုင်းများ မပျက်စီး စေရေး၊ သတ္တုမိုင်းများ ဖျက်ဆီးမခံရစေရေးဆိုတာ ဒီနှစ်ချက်ကို ကျွန်တော်တို့ တမင် ဒီဟာကို ထည့်သွင်းထားတာဖြစ်ပါတယ်။ ဒါအင်မတန် တိုင်းပြည်အတွက် အရေးကြီးပါတယ်။ အချိန်မီ ထိန်းသိမ်း ကြပ်မတ်နိုင်ရန်အတွက်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့မှ ကော်မရှင်တစ်ရပ် ဖွဲ့စည်းပြီး အစီအမံများချမှတ်၍ လျင်မြန်ထိရောက်စွာ ဆောင်ရွက်သင့်ပါကြောင်း ဆိုပြီးတော့ လွှတ်တော် ကြီးကနေတစ်ဆင့် ကျွန်တော်တို့ အစီရင်ခံစာကို သုံးသပ်အကြံပြုထားတာဖြစ်ပါတယ်။

နောက်တစ်ခုက ဒီဟာတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒီ ကော်မတီရဲ့ အစီရင်ခံစာ ၃၆ မှာ အားနည်းချက်တွေ ရှိတာကိုလည်း ကျွန်တော်တို့ ကော်မတီအနေနဲ့ ဒါဟာ ဝန်ကြီးဌာနအားနည်းရင် အားနည်းကြောင်း ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း ထောက်ပြဝေဖန်ပါတယ်။ ကုမ္ပဏီတွေ အားနည်းချက် ဟာလည်း ဘယ်လိုတွေရှိတယ် ဆိုတာကိုလည်း အစီရင်ခံစာမှာ ကျွန်တော်တို့ ပေါ်လွင်အောင်တော့ ကျွန်တော်တို့ ရေးထားပါတယ်။

ဒီတစ်ခုက ကျွန်တော့်အနေနဲ့ တင်ပြလိုတာက ကိုယ်စားလှယ်တော်ကြီးတွေ ဆွေးနွေးသွားကြတဲ့ ရွှေလုပ်ကွက် A,B,D နဲ့ ပတ်သက်ပြီးတော့ တင်ပြရမယ်ဆိုရင် ဒါဟာ မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကော်မတီဝင်တွေနဲ့ ကော်မတီရုံးဝန်ထမ်းတွေ တော်တော်အားစိုက်ခဲ့ရပါတယ်။ ဘာကြောင့် ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ စိစစ်မှုတွေ၊ သုံးသပ်ချက်တွေ၊ ခြုံငုံသုံးသပ်ချက်တွေ အသေးစိတ် ဆောင်ရွက်ရသလဲဆိုရင် ဒါဟာ တိုင်းပြည်အတွက် အရေးကြီးပါတယ်။ ဒီ ရသင့်ရထိုက်တဲ့ တိုင်းပြည်အတွက် အခွန်ဘဏ္ဍာတွေရဖို့၊ တိုင်းပြည်အတွက်၊ နိုင်ငံသူ၊ နိုင်ငံသားတွေအတွက် လက်ရှိ ဆောင်ရွက်နေကြတဲ့အပေါ်မှာ ကုမ္ပဏီဘက်ကရော၊ တာဝန်ရှိတဲ့ ဝန်ကြီးဌာနကပါ အားနည်းချက်တွေရှိနေတာကိုလည်း ကျွန်တော်တို့ စိစစ်သုံးသပ် တွေ့ရှိခဲ့ပါတယ်။ ဒါကို အချိန်မီ တည့်မတ်စေလိုတဲ့ ကော်မတီရဲ့ စေတနာကိုလည်း အစီရင်ခံစာမှာ ပေါ်လွင်မယ်လို့ ကျွန်တော်တို့အနေနဲ့ သုံးသပ်ပါတယ်။ တင်ပြလိုပါတယ်။

ဒီနေရာမှာ စာမျက်နှာ ၃၆ မှာ စာချုပ်အား လိုက်နာဆောင်ရွက်မှု အပိုင်းတွင် စာချုပ်ပါ သတ်မှတ်ချက်များကို လိုက်နာရန် စာချုပ်ဝင်များဖြစ်သည့် အမှတ်(၂)သတ္တုတွင်းနှင့်ကုမ္ပဏီများ နှစ်ဦးနှစ်ဖက်လုံးတွင် တာဝန်ရှိပါသည်။ စာချုပ်ကို (၂)ကြိမ် ပြင်ပြီးသော်လည်း စာချုပ်ပါ စည်းကမ်းချက်နှင့် တာဝန်ဝတ္တရားများကို နှစ်ဖက်စလုံးမှ လိုက်နာဆောင်ရွက်မှု အပြည့်အဝမရှိကြောင်း၊ အားနည်းချက်များ ရှိကြောင်းနှင့် ပေးသွင်းရန် တာဝန်ရှိသောပမာဏ၏ (၁၀)ရာခိုင်နှုန်းအောက် ပမာဏကိုသာ ပထမလပေါင်း(၆၀)ကျော်အတွင်း ပေးသွင်းရန်ဖြစ်ပြီး ကျန်(၉၀)ရာခိုင်နှုန်းကို ကျန်လပေါင်း(၃၀)အတွင်း ပေးသွင်းရန် လျာထားချုပ်ဆိုသည့် စာချုပ်များသည် နိုင်ငံတော်အတွက် နစ်နာမှုများရှိနေကြောင်း သုံးသပ်ရရှိပါသည်လို့ ဒီလိုရေးထားပါတယ်။

နောက်တစ်ခုက သက်ဆိုင်ရာဌာနမှ စာချုပ်ပါ သတ်မှတ်ချက်များအရ ရရန် ရွှေစင်များကို ကုမ္ပဏီများမှ ပေးသွင်းရန် ပျက်ကွက်မှုအပေါ် ကြီးကြပ်ကွပ်ကဲမှု အားနည်းပြီး ဖြစ်စဉ် အခြေအနေမှန်များအား အချိန်နှင့်တစ်ပြေးညီ တင်ပြမှု အားနည်းကြောင်း သုံးသပ်ရရှိပါသည်လို့ ဒီလိုရေးပါတယ်ခင်ဗျား။ နောက် ဆရာဦးအောင်သိန်း တင်ပြတာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ရေးတဲ့အချက်လေးကို ဖတ်ပြလိုပါတယ်။

မူလစာချုပ် အပိုင်း(၂)မှာ ကျွန်တော်တို့ ရေးသားချက်ပေါ့။ ကော်မတီရဲ့ တင်ပြချက်၊ လွှတ်တော်ကို တင်ပြချက်မှာ မူလစာချုပ်အပိုင်း(၂)တွင် သဘောတူစာချုပ် ချုပ်ဆိုရန်အတွက် ဥပဒေများအရ အခွင့်အာဏာရှိကြောင်းနှင့် စီးပွားရေးအရ ခိုင်မာတောင့်တင်းကြောင်း ကိုယ်စားပြု အာမခံထားကြသည့် သဘောတူညီချက်ကို အလေးအနက်ထားရန်ဖြစ်သော်လည်း ကန်ထရိုက်များဘက်မှ အရင်းအနှီးများစွာ ထပ်မံလိုအပ်ကြောင်း တင်ပြချက်ကို အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ လိုက်လျော၍ မူလစာချုပ်ပါ သဘောတူညီချက်အချို့အား ပထမအကြိမ် ပြင်ဆင်ခွင့်ပြုခဲ့ရုံသာမက ဒုတိယအကြိမ် ပြင်ဆင်ခွင့်ပြုခဲ့ခြင်းကြောင့် ကုမ္ပဏီများအပေါ်စည်းနှောင်မှု (Binding) အားနည်းသွားခဲ့ရသည်ဟု သုံးသပ်ရရှိပါသည် ဆိုပြီးတော့ ကျွန်တော် ဒီလိုလေး ထည့်ရေးထားပါတယ်။ ဒါဟာ တကယ်တမ်းပြောရရင် ကျွန်တော်တို့အနေနဲ့ တာဝန်ရှိတဲ့ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအနေနဲ့ ဒီစာတမ်းကို ကျွန်တော်တို့ ဖတ်ရှုမိတဲ့အခါမှာ ဒါတွေကို ကျွန်တော်တို့အနေနဲ့ အချိန်မီကိုင်တွယ်နိုင်အောင် ဆိုတဲ့ စေတနာမှန်နဲ့ တိုင်းပြည်အတွက် ရှေးရှုပြီးတော့ တင်ပြခဲ့တာဖြစ်ပါတယ်။

နောက်တစ်ခုက ကိုယ်စားလှယ်တော်ကြီး ဦးလှဆန်း တင်ပြတဲ့အထဲမှာ ပါတဲ့အချက်က ကော်မတီဟာ ပထမပုံမှန်အစည်းအဝေးမှာ သက်ဆိုင်ရာ၏ ဝန်ကြီးဌာနတွေကနေပြီးတော့ လုပ်ငန်းပြီးစီးသွားပါပြီ။ ဒီ အဆို မေးခွန်းတွေနဲ့ ပတ်သက်ပြီးတော့ ကော်မတီကို (၁၉၅)ခု ပြန်လည်ပြီးတော့ ပေးပို့လာပါတယ်။ ကျွန်တော်တို့က ဒီနေရာမှာ တစ်ခုတင်ပြလိုတယ်။ ဝန်ကြီးဌာနတွေက ပြီးစီးကြောင်း ဆိုပြီး ကျွန်တော်တို့ကို တင်ပြတယ်။ ဒါပေမဲ့ ဒီတင်ပြချက်က မှန်/မမှန်ဆိုတာ သက်ဆိုင်ရာ ကိုယ်စားလှယ်တော်ကြီးတွေကို ကျွန်တော်တို့က အလေးအနက်ထားပါတယ်။ ဒါကြောင့်မို့လို့လည်း သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတွေကို ပြန်ပြီးတော့ လေးလေးစားစားနဲ့ ကျွန်တော်တို့ အကြောင်းပြန်ပြီးတော့ အခြေအနေလေးတွေကို ကွင်းဆင်းပြီးတော့ သို့မဟုတ် မေးမြန်းပြီးတော့ ကျွန်တော်တို့ဆီကို အကြောင်းပြန်ပေးပါ ဆိုတဲ့အခါမှာ ကိုယ်စားလှယ်ကြီးတွေဆီကနေပြီးတော့ ကျွန်တော်တို့ (၄၄)ခုပဲ ပြန်တယ်။

အဲဒီအခါမှာ ကျွန်တော်တို့က ဒီ ကတိကဝတ် ပြီး၊ မပြီး ဆိုတာကို ကျွန်တော်တို့အနေနဲ့က ပြီးစီးပြီ ဆိုတာလည်း တချို့ဟာတွေလည်း သိရတယ်။ ပြီးစီးသွားပါပြီ (၁၉၅)ခု ပြီးစီးတယ် ဆိုတဲ့နေရာမှာ ကိုယ်စားလှယ်ကြီးတွေဆီကနေ အကြောင်းမပြန်သေးတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဒီ စာတမ်းရေးတဲ့အခါမှာ ဒါကို ပြီးစီးစာရင်းထဲမှာ မထည့်သေးဘဲနဲ့ ကျွန်တော်တို့က ထားရခြင်း ဖြစ်ပါတယ်။ ဒါကျမှ ပြီးစီးပြီဆိုပြီးတော့ ကျွန်တော်တို့က ထည့်ပေးလိုက်တယ်။ ပြီးမှ ဒါဟာမပြီးသေးပါဘူးလို့ ကိုယ်စားလှယ်တော်ကြီးတွေက ပြန်ပြောလာတဲ့အခါမှာ အခက်အခဲတွေအများကြီး ကျွန်တော်တို့ စိစစ်ဖို့၊ သုံးသပ်ဖို့၊ သွားရောက်ကြည့်ရှုဖို့ပါ အခက်အခဲ ဖြစ်သွားနိုင်တဲ့အတွက် ဒါကို ကျွန်တော်တို့ ဒီ အတိုင်းပဲထားပြီး ကတိဖြစ်ပေါ်မှုစာရင်းတွေကို နည်းသွားရခြင်း ဖြစ်ပါတယ်။ ပြီးစီးမှုကို ကျွန်တော်တို့ စိစစ်တဲ့အပိုင်းက နည်းသွားရခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ခုနက ကျွန်တော်တို့ တင်ပြထားတဲ့အတိုင်းပါပဲ။ ဒီ ဦးအုန်းဝင်း ပြည်ထောင်စုဝန်ကြီးအနေနဲ့ ၂၀၁၈ ခုနှစ်၊ မတ်လ ၆ ရက်နေ့စွဲနဲ့ နောက်ဆုံးအခြေအနေကို ဆောင်ရွက်ထားရှိမှု၊ ဒီ ရွှေလုပ်ကွက် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ၊ အာရှကမ္ဘာမြေ၊ ရွှေမိုးယံကုမ္ပဏီ ဒီ(၃)ခုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ဆီကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအထိ နောက်ဆုံးဆောင်ရွက်ထားတဲ့အခြေအနေကို တင်ပြထားတာလေးကို လွှတ်တော်သို့ ကျွန်တော်တို့အနေနဲ့ တင်ပြလိုပါတယ်။

လုပ်ကွက် A ၏ လုံခြုံမှု အာမခံစပေါ်ငွေ ကျပ်သိန်း(၁၀၀၀၀)ကို ဩဂုတ်လမှစတင်၍ ပေးသွင်းခဲ့ရာ ၃၀-၁၁-၂၀၁၇ ရက်နေ့အထိ ကျပ်သိန်းပေါင်း(၅၅၀၀) ပေးသွင်းပြီးဖြစ်ပါသည်။ ကုမ္ပဏီမှ လုံခြုံမှု အာမခံစပေါ်ငွေ ပေးသွင်းရမည့် အစီအမံအရ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလမှ ဒီဇင်ဘာလအထိ ပေးသွင်းရမည့် ကျပ်သိန်း(၃၀၀၀) ပေးသွင်းရေးဌာနမှ အကြောင်းကြားထားပါသည်။ အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်မှ သတ်မှတ်ရွှေစင်များ ပေးသွင်းရန် ကျန်ရှိသဖြင့် ရွှေထုတ်လုပ်မှုလုပ်ငန်းများကို ၈-၁၁-၂၀၁၇ ရက်နေ့မှစ၍ ဆိုင်းငံ့ထားရန် အကြောင်းကြားသော်လည်း လိုက်နာမှုမရှိဘဲ ဆက်လက်လုပ်ကိုင်နေသဖြင့် မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၂၈(ဂ)နှင့် ခွင့်ပြုမိန့် ပယ်ဖျက်မည်ဖြစ်ကြောင်းနှင့် ခွင့်ပြုမိန့် မပယ်ဖျက်မီ မြန်မာ့သတ္တုတွင်း နည်းဥပဒေ ၈၁(က)နှင့်အညီ ကုမ္ပဏီမှ ဝန်ကြီးဌာနကို ကျေနပ်သည်အထိ အကြောင်းပြချက် တင်ပြပေးရန် ၃-၂-၂၀၁၈ ရက်စွဲပါ စာဖြင့် အကြောင်းကြားခဲ့ရာ ကုမ္ပဏီမှ ၈-၂-၂၀၁၈ ရက်စွဲပါ စာဖြင့် တင်ပြခဲ့ပါသည်။

ကုမ္ပဏီမှ တင်ပြသည့် အကြောင်းအရာအချက်အလက်များမှာ ဝန်ကြီးဌာနမှ ကျေနပ်လက်ခံနိုင်ခြင်းမရှိ၍ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၃/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီသို့ ထုတ်ပေးထားသော ခွင့်ပြုမိန့်များကို ၁၇-၂-၂၀၁၈ ရက်နေ့မှစ၍ ပယ်ဖျက်ခဲ့ပြီးဖြစ်ပါသည်။ ခွင့်ပြုမိန့်ပယ်ဖျက်ပြီးနောက် လုပ်ကွက် A အတွင်း ကုမ္ပဏီမှ ရွှေတူးဖော်သည့် လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခြင်းမရှိစေရေး လုပ်ကွက်ထိန်းသိမ်းရေးအဖွဲ့ဖြင့် အနီးကပ် ကြီးကြပ်လျက်ရှိပါသည်။ အကယ်၍ လုပ်ကိုင်မှုရှိပါက မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၀ နှင့်အညီ အရေးယူဆောင်ရွက်ရန် ဌာနမှ ၁၇ - ၂ - ၂၀၁၈ ရက်စွဲပါစာဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

လုပ်ကွက် B ၏ လုံခြုံမှု အာမခံစပေါ်ငွေ ပေးသွင်းရမည့်အစီအမံအရ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ပေးသွင်းရမည့် ကျပ်သိန်း(၁၀၀၀) ပေးသွင်းရေးဌာနမှ အကြောင်းကြားထားသော်လည်း ပေးသွင်းခြင်းမရှိသေး၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလအတွက် စုစုပေါင်းပေးသွင်းရမည့် ကျပ်သိန်း(၂၀၀၀)အား အမြန်ပေးသွင်းရန် ထပ်မံအကြောင်းကြားထားပါသည်။ ရွှေမိုးယံကုမ္ပဏီမှ သတ်မှတ်ရွှေစင်များ ပေးသွင်းရန်ကျန်ရှိသဖြင့် ရွှေထုတ်လုပ်မှုလုပ်ငန်းများကို ၈-၁၁-၂၀၁၇ ရက်နေ့မှစ၍ ဆိုင်းငံ့ထားရန် အကြောင်းကြားထားပါသည်။ လုပ်ငန်းများ ဆိုင်းငံ့ထားစဉ် လုပ်ကိုင်မှုမရှိစေရေး၊ ဌာနမှ စောင့်ကြည့်ရေးအဖွဲ့ဖြင့် စစ်ဆေးကြပ်မတ်လျက်ရှိပါသည်။ လုပ်ကွက် D ၏ လုံခြုံမှု အာမခံစပေါ်ငွေ ပေးသွင်းမည့်အစီအမံအရ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ပေးသွင်းရမည့် ကျပ်သိန်း(၁၄၀၀)အား ပေးသွင်းထားပြီး ဖြစ်ပါသည်။ ဒီဇင်ဘာလအတွက် ပေးသွင်းရမည့် ကျပ်သိန်း(၁၄၀၀)ပေးသွင်းရန် အကြောင်းကြားထားသော်လည်း ပေးသွင်းခြင်းမရှိသေး၍ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလ နှင့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတို့အတွက် စုစုပေါင်း ပေးသွင်းရမည့် ငွေကျပ်သိန်း(၄၂၀၀)အား အမြန်ဆုံးပေးသွင်းရန် ထပ်မံအကြောင်းကြားထားပါသည်။

အာရှကမ္ဘာမြေ စက်မှုနှင့် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ အစီအမံအရ သတ်မှတ်ရွှေစင်များကို ကျေပြွန်စွာ ပေးသွင်းထားပြီး ဖြစ်ပါသည်။ လုပ်ငန်းများ ဆိုင်းငံ့ထားစဉ် လုပ်ကိုင်မှုမရှိစေရေးဌာနမှ စောင့်ကြည့်ရေးအဖွဲ့ဖြင့် စစ်ဆေးကြပ်မတ်လျက်ရှိပါသည်။ ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၏ (၃/၂၀၁၈) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် အမျိုးသားကြီးပွားတိုးတက်ရေးရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမီတက်၏ လုပ်ကွက် A အား ခွင့်ပြုမိန့် ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် လုပ်ကွက် B, D တို့ကိုလည်း ဆိုင်းငံ့ထားဆဲဖြစ်၍ အနီးကပ်အဖွဲ့ဖြင့် လုပ်ကိုင်မှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ဆိုပြီးတော့ ဒီလို အကြောင်းပြန်လာပါတယ်။

ဒါဟာ တကယ်တမ်းပြောရရင် ဒီအခြေအနေ မရောက်ခင်မှာ ကျွန်တော်တို့ ကော်မတီအနေနဲ့ သက်ဆိုင်ရာ တာဝန်ရှိတဲ့ ဝန်ကြီးဌာနက အကြီးအကဲတွေကို ခေါ်ယူပြီးတော့ မေးမြန်းပါတယ်။ စိစစ်ပါတယ်။ ဘာတွေဆောင်ရွက် ထားသလဲဆိုတာ အကြိမ်ပေါင်းများစွာ ကျွန်တော်တို့ ကော်မတီမှာ ခေါ်မေးပြီးတော့ ကျွန်တော်တို့ ဒီ အဖြေတွေလည်း ထွက်လာတာ ဖြစ်ပါတယ်။ ဒါကို ကျွန်တော် လွှတ်တော်သို့ တင်ပြရခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒေါက်တာအောင်သူ၊ ပြည်ထောင်စုဝန်ကြီးကနေပြီးတော့မှ ကျွန်တော်တို့ ၂၀၁၈၊ မတ်လ ၉ ရက်နေ့မှာ MICA နှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့

နောက်ဆုံးဆောင်ရွက်ထားရှိတဲ့အခြေအနေကို ကျွန်တော်တို့ ကော်မတီကို တင်ပြထားပါတယ်။ ဒီ တင်ပြထားတဲ့အပေါ်မှာ လွှတ်တော်သို့ ထပ်မံပြီးတော့ တင်ပြအစီရင်ခံအပ်ပါတယ်။

MICA (Myanmar International Cooperation Agency) အား စနစ်တကျ ဖျက်သိမ်း ခွင့်ပြုပါရန်နှင့် MICA သို့ လုပ်ငန်းများ လွှဲပြောင်းဆောင်ရွက်ခွင့်ပြုထားသော မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနပိုင် အသားကဏ္ဍ၊ ခြံ၊ စက်ရုံ၊ လုပ်ငန်း၊ စခန်းများ၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် ငါးကဏ္ဍစက်ရုံ၊ အလုပ်ရုံ၊ ငါးပုစွန် မွေးမြူရေးစခန်း၊ ဌာနပိုင်မြေနေရာများအား ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက် ခွင့်ပြုရန် ၈ - ၆ - ၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၁/၂၀၁၇)သို့ တင်ပြ၍ သဘောတူခွင့်ပြုချက် ရယူဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ အစည်းအဝေးလမ်းညွှန်ချက်များနှင့်အညီ MICA နှင့် ချုပ်ဆိုထားသော စာချုပ်ပါ လုပ်ငန်းများအား ကွင်းဆင်းလေ့လာ၍ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များမှ ကွင်းဆင်းစစ်ဆေးပြီး အမျိုးသား လွှတ်တော်သို့ ကြားဖြတ်အစီရင်ခံစာ တင်ပြခဲ့ပါသည်။ ၎င်းအပေါ် ကိုယ်စားလှယ်(၈)ဦးမှ ဆွေးနွေး ပါသည်။ ကြားဖြတ်အစီရင်ခံစာပါ သုံးသပ်အကြံပြုချက် (၁၅)ချက်အတွက် ဆောင်ရွက်ပြီးစီးမှု အခြေအနေအား တင်ပြထားပြီး ဖြစ်ပါသည်။ အသေးစိတ်ကတော့ ကျွန်တော် မဖတ်ပြတော့ဘူး။ အများကြီးပဲ ဖြစ်နေလို့ပါ။

**ဥက္ကဋ္ဌ**။ ။ အကျဉ်းချုပ်ပြီးပဲ တင်ပြပါ။

**ဦးသိမ်းဆွေ (ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ ဟုတ်ကဲ့ပါခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရုံးတွင် ၂၃-၁၁-၂၀၁၇ ရက်နေ့၌ ဌာနမှတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကိုယ်စားလှယ် များ၏ မေးမြန်းချက်များအား ဖြေကြားခဲ့ပါသည်။ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားချက်များ အတွက် ဆောင်ရွက်ပြီးစီးမှု အခြေအနေအား တင်ပြထားပြီး ဖြစ်ပါသည်။ ဒါတွေကလည်း အသေးစိတ် ကြည့်ချင်ရင်ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြလို့ရပါတယ်။

အဖွဲ့ဖျက်သိမ်းခြင်း။ မွေးမြူရေး၊ ကုသရေးဦးစီးဌာနပိုင် အသားကဏ္ဍ၊ ခြံ၊ စက်ရုံမြေယာများ၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် ငါးကဏ္ဍ၊ စက်ရုံ၊ အလုပ်ရုံ၊ ငါးပုစွန်မွေးမြူရေးစခန်း၊ ဌာနပိုင်မြေနေရာ များကို သက်ဆိုင်ရာဦးစီးဌာနများသို့ ပြန်လည် လွှဲပြောင်းခြင်းတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ သဘောထားမှတ်ချက်များ တောင်းခံပြီး အကြံပြု ချက်များအတိုင်း ဆောင်ရွက်ခဲ့ပါသည်။ အဖွဲ့ဖျက်သိမ်းခြင်းကိစ္စရပ်တို့တွင် ငွေကြေးစီမံခန့်ခွဲမှုအပိုင်း ဆောင်ရွက်ထားရှိမှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေးအတွက် ဌာနတွင်း စာရင်းစစ်၊ ဘဏ္ဍာရေးဆိုင်ရာ စာရင်းရှင်းလင်း ဖျက်သိမ်းရေးကော်မတီ၊ Audit Firm နှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ လုပ်ငန်းနှင့် ငွေစာရင်းစစ်ဆေးမှု ခံယူပြီးဖြစ်ပါသည်။

နိုင်ငံတော်သမ္မတရုံးသို့ Audit Firm Report အပေါ် ဆောင်ရွက်ပြီးစီးမှု တင်ပြထားပြီးဖြစ် ပါသည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ MICA (OA) စစ်ဆေးချက် အစီရင်ခံစာ ရရှိပြီးဖြစ်ပါသည်။

ငှင်းညွှန်ကြားချက်အား ဆောင်ရွက်ပြီးစီးမှု တင်ပြခဲ့ပြီးဖြစ်ပါသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးရုံး ခွင့်ပြုချက်အရ MICA (OA) ပိတ်သိမ်းပြီးဖြစ်ပါသည်။ MICA နှင့် စာချုပ်ချုပ်ဆိုထားသော ကုမ္ပဏီများအားခေါ်ယူကာ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားနှင့်အညီ MICA နှင့် လက်ခံမည့်ဌာနအကြား Deed of Assignment ချုပ်ဆိုပြီး ဖြစ်ပါသည်။ MICA အား စနစ်တကျ ဖျက်သိမ်းပြီးစီးကြောင်း ပြည်ထောင်စုဝန်ကြီးရုံးမှ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြထားပြီး ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်အရ ၇-၂-၂၀၁၈ ရက်နေ့တွင် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီသို့ ပူးတွဲပါအတိုင်း တင်ပြပြီးဖြစ်ပါသည် ဆိုပြီးတော့ ဒီလို ကျွန်တော်တို့ အကြောင်းပြန် တင်ပြထားပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ တင်သွင်းမေးမြန်းခဲ့တဲ့ အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုပေးနိုင်ဖို့အတွက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဖြစ်သူ ကျွန်တော် ဦးသိမ်းဆွေ မှ လေးစားစွာဖြင့် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထား ရယူပါမယ်။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး နှုတ်ဆက်စကားပြောကြားခြင်း

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ **ဒီနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ပြီးဆုံးပြီ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ သတ္တမပုံမှန်အစည်းအဝေးကာလအတွင်း မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်း ဆွေးနွေးခြင်း၊ ဥပဒေကြမ်းများ အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းတို့အပြင် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ ဘတ်ဂျက်နှင့်**

**အခွန်အကောက်ဆိုင်ရာများ ဆွေးနွေးစိစစ်ခြင်းနှင့် နိုင်ငံတော်သမ္မတရွေးချယ်ရေး ကိစ္စရပ်များကိုလည်း ဆောင်ရွက်ခဲ့ကြရပြီး ဖြစ်ပါတယ်။**

**လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ အစည်းအဝေးပြီးဆုံးပြီး မိမိတို့ရဲ့ မဲဆန္ဒနယ်မြေအသီးသီးကို ပြန်ရတော့မှာ ဖြစ်ပါတယ်။ မိမိတို့မဲဆန္ဒနယ်မြေများကို ပြန်လည်ရောက်ရှိတဲ့အခါ မိမိတို့နယ်မြေဒေသ ဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ပြည်သူလူထုရဲ့ မျှော်လင့်ချက်များ၊ ဆန္ဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံပြီး ဆက်လက် ဆောင်ရွက်ကြရဦးမှာဖြစ်ပါတယ်။**

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ နိုင်ငံတော်ရဲ့အကျိုး၊ မဲဆန္ဒရှင်ပြည်သူများရဲ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် မိမိတို့နေရပ်ဒေသသို့ ဘေးမသီရန်မခဘဲ ချောမောစွာ ရောက်ရှိကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)**

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၂၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ၁၁း၂၇ နာရီအချိန်တွင် ရပ်နားပါသည်။]